# ယနေ့ မြန်မာ နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၃၀၀)၊ ၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ ၄-၁၀-၂၀၂၆၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

**ယနေ့ ဖတ်စရာအညွှန်း**


စက်တင်ဘာလအတွင်း စီးရီးအေ အကောင်းဆုံး ကစားသမားဆုကို မာလန် ဆွတ်ခူး
စာမျက်နှာ ၁၁

မန္တလေးတွင် Jewelry ဆိုင်ပေါင်း ၄၀ ကျော် ပါဝင်မည့် ကျောက်မျက်ရတနာပြပွဲ ကျင်းပမည်
စာမျက်နှာ ၁၂

ရှေးရှေးက အချိန်နာရီကို ဘယ်လိုတီးခတ်ကြသလဲ (ဆောင်းပါး)
စာမျက်နှာ ၁၄






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုဂုဏ်ပြုဗိမာန်တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်နေမှုများ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီနှင့် ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ☆



## အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းလုပ်ငန်းပါ အလုပ်ရုံ ၂၂ ရုံအနက် အလုပ်ရုံ ၂၀ ကို အောင်မြင်စွာ တပ်ဆင်စမ်းသပ်လည်ပတ်နိုင်ပြီဖြစ်

နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံတော်၏ သံမဏိလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက များစွာအထောက်အကူပြုနိုင်ရေးအတွက် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းပါ အလုပ်ရုံ ၂၂ ရုံအနက် အလုပ်ရုံ ၂၀ ကို အောင်မြင်စွာ တပ်ဆင်စမ်းသပ်လည်ပတ်နိုင်ပြီဖြစ်ကြောင်း

စာမျက်နှာ ၅ သို့ ❐

## လေးမျက်နှာမြို့နယ်အတွင်း ရေပြန်လည်ကျဆင်းသွားပြီဖြစ်သည့်အတွက် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိ

ပုသိမ် အောက်တိုဘာ ၃

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းပြီး တာတမံနိမ့်ကျမှုဖြစ်ပွားကာ ရေကျော်စီးဝင်ခဲ့သဖြင့် အခြေခံပညာကျောင်းများ ယာယီပိတ်ထားခဲ့ရာ ယခုအခါ ရေပြန်လည်ကျဆင်းသွားပြီဖြစ်သည့်အတွက် ကျောင်းများ ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သည်။

လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်

စာမျက်နှာ ၄ သို့ ❁



လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်သင်ကြားနေမှုကို တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးစဉ်။

**ယနေ့မိုးလေဝသ ၄-၁၀-၂၀၂၆**

| | |
|---|---|
| နေပြည်တော်နှင့် အနီးတစ်ဝိုက် | နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ |
| ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် | နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ |
| မန္တလေးမြို့နှင့် အနီးတစ်ဝိုက် | နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ |

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး နေ့စဉ်

# လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေး၊ နည်းပညာပြန့်ပွားရေးဆောင်ရွက်လျက်ရှိ

လျှပ်စစ်သုံးယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနရလဒ်များကို လက်တွေ့အသုံးချနိုင်သည့် နည်းပညာများအဖြစ် ပြောင်းလဲနိုင်ရန် Prototype ဖန်တီးခြင်း၊ စမ်းသပ်စစ်ဆေးခြင်းနှင့် လက်တွေ့အသုံးချခြင်းတို့ကို ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများအနက် ပြည်တွင်း၌ သုတေသနပြုဖွံ့ဖြိုးနိုင်မည့် နည်းပညာနယ်ပယ်များကို ဦးစားပေးသတ်မှတ်ရန်၊ EV Engineering၊ Battery Technology၊ Power Electronics၊ Embedded Systems၊ Charging Technology စသည့် နည်းပညာဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လှဲ့လှဲ့သိန်းက ပြောကြားသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂ ရက်မွန်းလွဲပိုင်းတွင် Hybrid စနစ်ဖြင့်ကျင်းပသည့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီအစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ယခုကဲ့သို့ ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင် နည်းပညာကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သုတေသနနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကို စုစည်းအသုံးချနိုင်ရေးအတွက် EV Technology and Research Database တည်ဆောက်နိုင်ရေးကိုလည်း ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် သုတေသနရလဒ်များကို လက်တွေ့အသုံးချနိုင်သည့် နည်းပညာများအဖြစ် ပြောင်းလဲနိုင်ရေးဆောင်ရွက်ရန်နှင့် လုပ်ငန်းတစ်ခုချင်းစီအတွက် Action Plan ရေးဆွဲအကောင်အထည်ဖော်ရန် ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေး၊ နည်းပညာလွှဲပြောင်းရေး၊ စမ်းသပ်စစ်ဆေးရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ပြည်တွင်းထုတ်လုပ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့ ဟူသော အမျိုးသားရေးဆောင်ပုဒ်နှင့်အညီ မီးခိုးငွေ့များထုတ်လွှတ်သည့် ယာဉ်များသုံးစွဲမှုအစား EV သုံးစွဲမှုမှတစ်ဆင့် ရုပ်ကြွင်းလောင်စာ အပေါ်မှီခိုရမှုနှင့် နိုင်ငံခြားငွေကုန်ကျစရိတ်များကို လျှော့ချနိုင်ရေး လေထုနှင့် အသံညစ်ညမ်းမှုများလျှော့ချနိုင်ကာ ကျန်းမာရေးကောင်းမွန်မှုနှင့် အခြားဆုလာဘ်များကို ပြည်သူများ ရရှိခံစားနိုင်စေရေးအတွက် လျှပ်စစ်သုံးယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**သာစည် အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ကျပန်းစကားပြောနှင့်ကဗျာရွတ်ပြိုင်ပွဲများကို အောက်တိုဘာ ၂ ရက်မွန်းလွဲပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းက ပြိုင်ပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကိုစတင်ရာ သာစည်မြို့၊ အမှတ်(၂)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မီးရထားမှ ကျောင်းသား၊ ကျောင်းသူများက မြတ်ဆရာ၊ ဆရာဂုဏ်အင်ကျေးဇူးရှင်၊ အနန္တဂုဏ်ပြဆရာဘဝ ခေါင်းစဉ်များဖြင့်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ ဆုပေးပွဲကို ကျင်းပပြီး ပထမ၊ ဒုတိယနှင့် တတိယဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။ ပြိုင်ပွဲသို့ အမှတ်(၂) ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) မီးရထားမှ ကျောင်းအုပ်ကြီး ဦးခင်မောင်ဝင်း နှင့်ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသောကျောင်းသား၊ ကျောင်းသူများက အသိပညာပေးပြသထားသော နံရံကပ်စာစောင်များနှင့် သုတရသစာအုပ်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(၄၈၇)

၀-၀-၀-၀-၀

## တက္ကသိုလ်ဝင်တန်းစာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက Y-Mandalay Hotel၌ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းနှင့် တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူး ဒေါ်ခင်လေးဖြူ၊ မြို့နယ်ပညာရေးမှူး ဒေါ်စိုးစိုး၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားတွင် အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းတေးသီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စိုးစိုးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက လေးဘာသာဂုဏ်ထူးရရှိသူ ၄၄ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၃၆ ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၆၀ ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ၉၀ ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၃၀ ဦးတို့အား ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ဇော်မင်း**

၀-၀-၀-၀-၀

## ရတနာပုဏ္ဏဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီ(မန္တလေး)၌ သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့်အတူ ပထမဆုံး မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ ကျင်းပသွားမည်

**မန္တလေး အောက်တိုဘာ ၃**

အမရပူရခရိုင်၊ အမရပူရမြို့နယ်ရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်သော ရတနာပုဏ္ဏဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(မန္တလေး)၌ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ အောက်တိုဘာ ၆ ရက်ညတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့်အတူ ပထမဆုံး မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌထံမှ သိရသည်။ **(အောက်ပုံ)**



"တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်အား မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းဖြစ်ပြီး ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ဖော်ကြူးပြသတာလည်းဖြစ်ပါတယ်၊ စိန်နားပန် မီးပုံးပျံငါးလုံးနဲ့ ညမီးကျည်မီးပုံးပျံတစ်လုံးကို သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့နဲ့ လပြည့်ညတို့မှာ လွှတ်တင်ပူဇော်သွားမှာပါ၊ ရင်ပြင်တော်မှာ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနဲ့အတူ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို လာရောက်ကုသိုလ်ယူ ပူဇော်နိုင်ပါတယ်"ဟု စွယ်တော်မြတ်စေတီတော်(မန္တလေး) ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစန်းယုက ပြောသည်။

စွယ်တော်မြတ်စေတီတော်(မန္တလေး)တွင် သီတင်းကျွတ် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲ၊ ဓမ္မစကြာရွတ်ဖတ်ပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်ကပ်လှူပူဇော်ပွဲတို့ကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလျက်ရှိပြီး ယခုနှစ် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ည ၇ နာရီခန့်တွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း၊ စိန်နားပန်မီးပုံးပျံမှာ အမြင့် ၁၈ ပေနှင့် အချင်း ၂၀ ပေ ကုန်ကျမှု ကျပ်သိန်း ၇၀၊ ညမီးကျည် မီးပုံးပျံမှာ အမြင့် ၂၂ ပေနှင့် အချင်း ၂၂ ပေ ကုန်ကျမှု ကျပ်သိန်း ၁၅၀ ရှိပြီး အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် လွှတ်တင်ပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

## ကျောက်တစ်လုံးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကမ္ဘာ့ဆရာများနေ့အကြို ဟောပြောပွဲကျင်းပ

**ကျောက်တလုံးကြီး အောက်တိုဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကမ္ဘာ့ဆရာများနေ့အကြို ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အ.ထ.က ကျောက်တလုံးကြီးမှ ဆရာဦးနန္ဒာဦးက အဖွင့်အမှာစကားပြောကြားပြီး နဝမတန်းတွင် ပညာသင်ယူလျက်ရှိသော မကေသီဦးနှင့် မနန်းနှိမ်းဟွမ်တို့က ကမ္ဘာ့ဆရာများနေ့ ဖြစ်ပေါ်လာသည့် အကြောင်းအရင်းများ၊ အခမ်းအနားစတင်ကျင်းပသည့် သမိုင်းကြောင်းများ၊ ဆောင်ပုဒ်များကို အသီးသီး ဟောပြောဆွေးနွေးကြသည်။

ဟောပြောပွဲသို့ ကျောက်တလုံးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်းနှင့် အ.ထ.က ကျောက်တလုံးကြီး ကျောင်းအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်နှင့် ဟောပြောမှုစွမ်းရည်တိုးတက်မြင့်မားစေရန် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်ပြည်သူ့ရင်ပြင်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ရှေ့ဖုံးမှ

## နေပြည်တော် ပြည်သူ့ရင်ပြင် တည်ဆောက်နေမှု

ဦးစွာ နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နေပြည်တော် ပြည်သူ့ရင်ပြင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က နေပြည်တော် ပြည်သူ့ရင်ပြင်အား မြို့တော်အင်္ဂါရပ်နှင့်အညီ ခေတ်မီပြီး မြို့ပြနေ အများပြည်သူများ လည်ပတ်ကြည့်ရှု အပန်းဖြေ အနားယူနိုင်ရန်နှင့် ဘက်စုံ အသုံးပြုနိုင်သည့် Public Area ပြည်သူ့ရင်ပြင် တစ်ခုအဖြစ် လျာထားတည်ဆောက်ဆောင်ရွက်လျက်ရှိမှု၊ ရင်ပြင်ပတ်လည်နေရာများ၌ အထင်ကရပုဂ္ဂိုလ်များ၏ ရုပ်တုများ၊ စကျင်ကျောက်များဖြင့် ထုဆစ်ပုံဖော်ထားသည့် ရုပ်လုံးရုပ်ကြွများ ထည့်သွင်းတည်ဆောက်နိုင်ရေး၊ ပြည်သူများ အပန်းဖြေလည်ပတ်ကြည့်ရှု အနားယူနိုင်ရန် ပန်းခြံနေရာများ၊ လျှောက်လမ်းများ၊ ဖျော်ဖြေရေးရင်ပြင်နှင့် Shop House များ၊ အခြားလိုအပ်သည့် အဆောက်အအုံများ ထည့်သွင်း တည်ဆောက်နိုင်ရေး လျာထား ဆောင်ရွက်ထားရှိမှု၊ ပြည်သူ့ရင်ပြင်အနီး၌ မြို့ပြအင်္ဂါရပ်နှင့်လျော်ညီသည့် နာရီစင်ပါ အဆောက်အအုံ တစ်ခု တည်ဆောက်နိုင်ရေး လျာထား ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက နေပြည်တော် ကောင်စီနယ်မြေအား မြို့တော်အင်္ဂါရပ်နှင့်အညီ ခေတ်မီပြီး ဘက်စုံ ဖွံ့ဖြိုးတိုးတက်သော မြို့ပြတစ်ခုအဖြစ် ပေါ်ထွန်းလာစေရေး ဘက်ပေါင်းစုံမှ စဉ်းစား လျာထား ဆောင်ရွက်သွားကြရန်၊ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်နှင့်အညီ အဆင့်မီမီဖြစ်စေရေး၊ သတ်မှတ် အချိန်ကာလအတွင်း ပြီးစီးနိုင်ရေး စနစ်တကျ ဆောင်ရွက်ကြရန်နှင့် ရေရှည်ခိုင်ခံ့မှုရှိစေရေး ထိန်းသိမ်း ပြုပြင် ဆောင်ရွက်မှုများကိုလည်း အမြဲမပြတ် ဆောင်ရွက်သွားကြ ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်လေဆိပ်အဝင်လမ်းသစ်ပေါ်ရှိ ရှုံးပင်ချောင်းတံတားတည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နေပြည်တော်ပြည်သူ့ရင်ပြင်အတွင်း တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးကြသည်။

### ရွှေပြည်တော်ဝင်လမ်းပေါ်ရှိ မီးရထားလမ်း ခုံးကျော်တံတားများနှင့် နေပြည်တော်လေဆိပ် အဝင် လမ်းသစ်ဖောက်လုပ်နေမှု

ယင်းနောက် ရွှေပြည်တော်ဝင် လမ်းပေါ်ရှိ နေပြည်တော် - တောင်တွင်းကြီး မီးရထားလမ်း ခုံးကျော်တံတားနှင့် ရန်ကုန်- မန္တလေး မီးရထားလမ်း ခုံးကျော် တံတား တည်ဆောက်ရေး လုပ်ငန်းခွင်များသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ရှင်းလင်း ဆောင်၍ ဆောက်လုပ်ရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူတစ်ဦးက တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ သည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက မီးရထားလမ်း ခုံးကျော်တံတား တည်ဆောက် ခြင်းလုပ်ငန်းများအား နောင် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင် မည့် လမ်းအသုံးပြုသူဦးရေနှင့် မော်တော်ယာဉ်အစီးရေ တိုးတက် လာနိုင်မှုများအပေါ် ထည့်သွင်း တွက်ချက်၍ လမ်းနှင့်တံတားများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆက်လက် ဆောင်ရွက်နိုင်ရေး အတွက် Master Plan ရေးဆွဲ ဆောင်ရွက်ထားရှိရန် လိုကြောင်း၊ ယခု တည်ဆောက်လျက်ရှိသည့် ခုံးကျော်တံတားများ ငလျင်ဒဏ် ခံနိုင်ရေး၊ ကြံ့ခိုင်ကောင်းမွန်မှု ရှိစေရေးနှင့် သတ်မှတ်ကာလ အတွင်း အရည်အသွေးကောင်းမွန်စွာဖြင့် တည်ဆောက်ပြီးစီးနိုင်ရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွား ကြရန်လိုကြောင်း၊ အလားတူ ပြည်ထောင်စုနယ်မြေ နေပြည် တော်အတွင်း လမ်းများအားလုံး အဆင့်မီမီနှင့် စနစ်တကျဖြစ်စေ ရေး၊ မြို့ပြအင်္ဂါရပ်နှင့် လျော်ညီမှု ရှိစေရေး ဆက်လက်အဆင့် မြှင့်တင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်းနှင့် အခြားလိုအပ် သည်များကို လမ်းညွှန်မှာကြားပြီး လုပ်ငန်းခွင်များအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရွှေပြည်တော်ဝင် လမ်းတစ်လျှောက် သန့်ရှင်း သာယာလှပရေး လုပ်ငန်းများနှင့် လမ်းဘေးဝဲ/ယာတစ်လျှောက်၌ အရိပ်ရလေကာပင်များ စိုက်ပျိုး ထားရှိမှုနှင့် လမ်းအဆင့်မြှင့်တင် ခြင်းလုပ်ငန်းများ ဆောင်ရွက် ထားရှိမှုများကို မော်တော်ယာဉ် များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက်နေပြည်တော်လေဆိပ် အဝင် လမ်းသစ်ဖောက်လုပ်နေမှု နှင့် အဆိုပါလမ်းသစ်ပေါ်ရှိ ဝက္ကမှု တံတားနှင့် ရှုံးပင်ချောင်းတံတား တည်ဆောက်နေမှု အခြေအနေ များကို သွားရောက်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက လမ်းသစ် ဖောက်လုပ်နေမှုနှင့် တံတား တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လေဆိပ် အဝင်လမ်းသစ်နှင့် တံတားများ အား သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်း ပြည့်မီစွာဖြင့် တည်ဆောက်နိုင်ရေးနှင့် ရှုံးပင် ချောင်းတစ်လျှောက် ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက် သွားရန်လိုကြောင်း၊ လမ်းဘေး ဝဲ/ယာတစ်လျှောက်တွင် အရိပ်ရ လေကာပင်များနှင့် အမြဲစိမ်း သစ်ပင်များ စိုက်ပျိုးသွားရန် လိုကြောင်းနှင့် အခြားလိုအပ် သည်များကို လမ်းညွှန်မှာကြား သည်။



ရွှေပြည်တော်ဝင်လမ်းပေါ်ရှိ နေပြည်တော် - တောင်တွင်းကြီး မီးရထားလမ်း ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

စာမျက်နှာ ၄ သို့ ☆





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော် မြို့ဝင်မုခ်ဦးတည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၃ မှ

### နေပြည်တော် မြို့အဝင်မုခ်ဦး (Naypyitaw Gate) တည်ဆောက်နေမှုလုပ်ငန်းခွင်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ နေပြည်တော် မြို့အဝင်မုခ်ဦး (Naypyitaw Gate) တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မုခ်ဦးတည်ဆောက်ရေး လုပ်ငန်းများနှင့် မုခ်ဦးအား မြန်မာ့ယဉ်ကျေးမှုလက်ရာများနှင့်အညီ အဆင့်မီမီ တည်ဆောက်နိုင်စေရေး လျာထားဒီဇိုင်းများရေးဆွဲထားရှိမှု၊ မြေယာရှင်းလုပ်ငန်းများနှင့် အခြားဆက်စပ်လုပ်ငန်းများကို စနစ်တကျဖြင့် အဆင့်အလိုက် ပြီးစီးမှုရှိစေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက နိုင်ငံ၏ မြို့တော်သို့ ဝင်ရောက်ရာ အထင်ကရ အမှတ်အသားနေရာဖြစ်သည့်အတွက် မြို့ပြဂုဏ်သိက္ခာနှင့်လျော်ညီစွာ ခမ်းခမ်းနားနားနှင့် အဆင့်မီမီဖြစ်ရန် လိုကြောင်း၊ မုခ်ဦးအဆောက်အအုံအား မြန်မာမှုလက်ရာများဖြင့် ခမ်းခမ်းနားနား စနစ်တကျ တည်ဆောက်သွားရန် လိုသကဲ့သို့ ခိုင်ခိုင်မာမာဖြင့် ငလျင်ဒဏ်ခံနိုင်စေရေး အတွက်လည်း သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် တည်ဆောက်သွားရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကြောင့် ယာဉ်များသွားလာမှု မပျက်စေရေး အတွက်လည်း ရှောင်ကွင်းလမ်း (By Pass)များကို စနစ်တကျ ဖောက်လုပ်ပေးသွားရန် လိုကြောင်းနှင့် လမ်းများကို ထောင့်ချိုး အနည်းဆုံးဖြင့် တည်ဆောက်သွားရန်လိုကြောင်း၊ မြေယာရှုခင်းများကိုလည်း အဆင့်မီမီနှင့် ခေတ်နှင့်လျော်ညီသည့် ပုံစံဖြစ်စေရေး၊ ပြည်သူအများ စိတ်အေးချမ်းသာစွာဖြင့် လမ်းလျှောက်ခြင်း၊ အနားယူခြင်းများ ဆောင်ရွက်နိုင်ရေး စနစ်တကျ ထည့်သွင်းတည်ဆောက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နေပြည်တော် မြို့အဝင်မုခ်ဦး ပုံစံငယ်နှင့် တည်ဆောက်ရေး လုပ်ငန်းခွင် အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်

ထို့နောက်ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ပြည်ထောင်စုဂုဏ်ပြုဗိမာန် အဆိုပြု 3D ပုံစံများနှင့် မြေယာရှုခင်း လုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက ပြည်ထောင်စုဂုဏ်ပြုဗိမာန်ကို ပြည်ထောင်စုနိုင်ငံတော်ကြီးအား တည်ဆောက်ခဲ့ကြသူများနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး အတွက် ပိုင်းဝန်း ကြိုးပမ်းခဲ့ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများအား ဂုဏ်ပြုနိုင်ရန်အတွက် ရည်ညွှန်း တည်ဆောက်စေခြင်းဖြစ်သဖြင့် ခမ်းခမ်းနားနားနှင့် အဆင့်မီမီဖြစ်ရန် လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအပါအဝင် ပြည်ပနိုင်ငံများမှ လာရောက် ဂုဏ်ပြုကြသူများ အနေဖြင့် အဆင့်မီမီနှင့် စနစ်တကျ လာရောက်ဂုဏ်ပြုနိုင်ရေးအတွက်လည်း လျာထား ဆောက်လုပ်သွားရန်လိုကြောင်း၊ ပန်းစည်းချ ဂုဏ်ပြုမည့်နေရာများ အတွက်လည်း စနစ်တကျစီမံ ထည့်သွင်းသွားရန် လိုကြောင်း၊ ဗိမာန်နှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာ၌ မြန်မာမှုယဉ်ကျေးမှုနှင့် ခေတ်သစ်ဗိသုကာ အနုပညာလက်ရာတို့ကို အချိုးညီ ထည့်သွင်းပေါင်းစပ်တည်ဆောက်သွားရန် လိုကြောင်း၊ ဗိမာန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပမှုရှိစေရေး အမြဲစိမ်းသစ်ပင်များနှင့် ပန်းမန်များကို စနစ်တကျ ထည့်သွင်း စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။




ယင်းနောက် ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❁ လေးမျက်နှာမြို့နယ်မှ

သင်ကြားနေမှုကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပံ့ပိုးပေးသည်။

### ပေးအပ်

ကြည့်ရှုစဉ် ရေပြန်လည်ကျဆင်းပြီဖြစ်သဖြင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ကျောင်းသားကျောင်းသူများ ပုံမှန်အတိုင်းပညာသင်ကြားနိုင်ပြီဖြစ်ကြောင်း၊ ရေကျော်စီးဝင်ပြီး စာသင်ကျောင်းများ ယာယီပိတ်ထားခဲ့ရသောကြောင့် ကျောင်းသားကျောင်းသူများ၏ သင်ခန်းစာများ နောက်ကျမှုမရှိစေရေးနှင့် ပြန်လည်အစားထိုးသင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း အားပေးပြောကြားပြီး ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့ပြင် အိုင်သပြုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ စခန်းသွင်း သင်ကြားပေးနေသည့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအတွက် နေ့လယ်စာ ချက်ပြုတ်ပြင်ဆင်နေမှုကို ကြည့်ရှုအားပေးပြီး ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် တွေ့ဆုံဆွေးနွေးကာ အိုင်သပြုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် ရေသန့်စက်၊ ဆန်နှင့် ဆီများ ထောက်ပံ့ပေးအပ်သည်။

ယမန်နေ့ကလည်း ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာတွင် ကျင်းပခဲ့သည့် ရေလွှမ်းဒေသရှိ မိုးစပါးပြန်လည်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ၊ ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် အုတ်ပုံရိုးရေထွက်မြောင်း တိုးချဲ့ဆောင်ရွက်နေမှု၊ ရေပြန်လည်ကျဆင်းသဖြင့် ငါးသိုင်းချောင်းမြို့ ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်မှုနှင့် ရွှေဘိုရပ်ကွက် ဘုရားကြီးကျောင်းတိုက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ငါးသိုင်းချောင်းမြို့ ကြပ်ကွင်းကျေးရွာတွင် စပါးပြန်လည်စိုက်ပျိုးမည့် လယ်မြေများ၌ စက်မှုလယ်ယာဦးစီးဌာနက ထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ် ရှမ်းရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ် သင်ကြားနေမှု၊ အိုင်သပြုကျေးရွာတွင် စပါးသီးနှံပြန်လည်စိုက်ပျိုးမည့် လယ်မြေများတွင် စက်မှုလယ်ယာဦးစီးဌာနက ထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော စပါးစိုက်တောင်သူများအတွက် စပါးမျိုးစေ့များနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ လေးမျက်နှာမြို့အတွင်း ရေများမကျန်ရှိစေရေးအတွက် မြို့ပတ်တာတွင် ရေမြောင်းတူးဖော်၍ ရေဖောက်ထုတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လေးမျက်နှာမြို့ အမှတ်(၄)ရပ်ကွက် အောင်မင်္ဂလာဈေး ရောင်းဝယ်ဖောက်ကားနေမှု၊ လေးမျက်နှာမြို့ ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■

❒ ရှေ့ဖုံးမှ

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် ကျန်ရှိသည့် စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံ(HRPS)နှင့် သံရည်ကျိုအလုပ်ရုံ(Romelt Shop)တို့ကို အမြန်ဆုံးစက်တပ်ဆင်လည်ပတ်ပြီး စက်ရုံတစ်ခုလုံးအပြီးသတ်လည်ပတ်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းလုပ်ငန်းများတွင် ပါဝင်သည့် စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံ(HRPS)လည်ပတ်နိုင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport Co.,Ltd. (TPE)မှ နိုင်ငံခြားသားပညာရှင်များနှင့် စက်ရုံရှိဝန်ထမ်းများ ပူးပေါင်း၍ စက်ပစ္စည်းများအား စစ်ဆေးခြင်း၊ စက်တပ်ဆင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယမန်နေ့မွန်းလွဲပိုင်းက စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းသည် နိုင်ငံတော်အတွက် များစွာအရေးပါသည့် စီမံကိန်းဖြစ်သည့်အတွက် တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုဆောင်ရွက်လျက်ရှိသည့် စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံ(HRPS)တပ်ဆင်လည်ပတ်ပြီးပါက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြိုတင်မျှော်မှန်းတွက်ဆ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ထားရန်လိုကြောင်း၊ စက်တပ်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်ထားသည့်အချိန်ဇယားများအတိုင်း ပြီးစီးအောင် ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း တွေ့ကြုံရမည့် စိန်ခေါ်မှုများကို စုပေါင်းအားဖြင့် ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးလိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ဒေသန္တရအမိန့်အဖြစ် ထုတ်ပြန်ထားရှိရန် လိုအပ်ကြောင်း မှာကြားသည်။

စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံ(HRPS)၏ စက်တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီး၍ လည်ပတ်နိုင်ပါက လျှပ်စစ်ဓာတ်အား ၄၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ၃၂ မဂ္ဂါဝပ်ကို စက်ရုံတွင် ပြန်လည်အသုံးပြု၍ ပိုလျှံသောလျှပ်စစ်ဓာတ်အား ရှစ်မဂ္ဂါဝပ်ကို မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ် ၆၈/၂၀၂၆

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်

( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် )

**ပြည်ထောင်စုဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၂ တို့အရ အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီးများအား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးမောင်မြင့်<br>ယဉ်ကျေးမှု၊ ဟိုတယ်နှင့်<br>ခရီးသွားလာရေးဝန်ကြီးဌာန | အလုပ်သမားဝန်ကြီးဌာန |
| (၂) | ဦးခင်မောင်စိုး<br>အလုပ်သမားဝန်ကြီးဌာန | ယဉ်ကျေးမှု၊ ဟိုတယ်နှင့်<br>ခရီးသွားလာရေးဝန်ကြီးဌာန |

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့( Myanmar Parliamentary Union-MPU)

# ဒုတိယဥက္ကဋ္ဌ ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union- MPU) ဒုတိယဥက္ကဋ္ဌ ဦးခင်ရီသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။






တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union- MPU) ဒုတိယဥက္ကဋ္ဌအနေဖြင့် လွှတ်တော်ချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် လာရောက်ခြင်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကဏ္ဍအသီးသီးကို သီးခြားစီ အကောင်အထည်ဖော်ဆောင်ရွက်ရသည့် လွှတ်တော်များပင် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီသက်တမ်းနုနယ်သေးသည့်အတွက် လွှတ်တော်၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရေးအတွက် ထိန်းသိမ်းလုပ်ဆောင်လျက်ရှိပါကြောင်း၊ မိမိတို့လွှတ်တော်များသည် ဥပဒေပြုရေးမဏ္ဍိုင် စနစ်တကျခိုင်မာအားကောင်းစေရန်နှင့် လွှတ်တော်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လွှတ်တော်များအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူ့လွှတ်တော်တွင် လွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားစေရေးအတွက် လွှတ်တော်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်း (၅)နှစ်စီမံချက် ရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း၊ ယင်းစီမံချက်ပါ ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကိုလည်း အဆင့်အလိုက် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များသို့လည်း မျှဝေပေးလိုပါကြောင်း၊ မိမိတို့လွှတ်တော်တွင် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ လွှတ်တော်ကဏ္ဍ လိုအပ်ချက်များကိုလည်း အားဖြည့်ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် အမြဲမျက်ခြည်မပြတ် လေ့လာလျက်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မဲဆန္ဒရှင်ပြည်သူများနှင့် နိုင်ငံတော်အကျိုးအတွက် တက်တက်ကြွကြွ ဆောင်ရွက်ကြစေလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ လွဲမှားမှုမရှိစေလိုပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ ပြည်သူတို့၏ ဆန္ဒနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် ဥပဒေပြုမဏ္ဍိုင် ဖြစ်ပါကြောင်း။

ဥပဒေပြုရေး လုပ်ငန်းသည် လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်ပြီး လွှတ်တော်သည် နိုင်ငံသူနိုင်ငံသားများအား ဥပဒေအကာအကွယ်အောက်တွင် လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ဥပဒေများကို ပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ပြဋ္ဌာန်းပေးရန် စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရမည် ဖြစ်ပါကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေကို လေ့လာသုံးသပ်ပြီး ခေတ်နှင့်လျော်ညီသည့် ဥပဒေများပြဋ္ဌာန်းပေးရန်လိုအပ်ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် ပြည်သူများက ယုံကြည်အားကိုးအားထားပြုသည့် လွှတ်တော်တစ်ရပ်ဖြစ်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အသံဖော်ဆောင်သည့် အနေဖြင့် လွှတ်တော်သို့ မေးခွန်းများ၊ အဆိုများ တင်သွင်းသည့်အခါတွင် စာအရေးအသား၊ စကားရပ်အသုံးအနှုန်းများနှင့် ပတ်သက်၍ နိုင်ငံတော်မှ တရားဝင်ဖော်ပြသည့် အသုံးအနှုန်းများဖြင့်သာ သတိပြုရေးသားပြောဆို ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့မဲဆန္ဒနယ်မြေ အကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒကို အသေးစိတ်သိရှိရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြ၍ အကောင်အထည်ဖော်ဆောင်ရွက် ပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု လိုအပ်ချက်များကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ "ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူ့တို့မျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လွှတ်တော်မှ ဆောင်ရွက်နေသည့် ဆောင်ရွက်ချက်များကို တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဆိုရှယ်မီဒီယာနှင့် သတင်းမီဒီယာ ကဏ္ဍများကို အသုံးပြု၍ ပြည်သူများ သိရှိလာနိုင်စေရန် ဆောင်ရွက်ကြစေလိုပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် စီးပွားရေးအချက်အချာကျသည့် တိုင်းဒေသကြီးဖြစ်သည့်အလျောက် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများစိတ်ချမ်းသာစွာသွားလာနိုင်ရေး၊ ရေစီးရေလာ ကောင်းမွန်ရေးတို့ကို လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အသံကို နားစွင့်၍ ဆောင်ရွက်ပေးသွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၏ ဆောင်ရွက်လျက်ရှိသည့်လွှတ်တော်ဆိုင်ရာလုပ်ငန်း အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မတီအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် အင်းဝရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန်အတွင်းရှိ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းက တံတားဦးခရိုင်၊ အင်းဝရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန်အတွင်းရှိ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးများ၊ သာသနိက အဆောက်အအုံများ၊ ပြန်လည်ပြုပြင်မွမ်းမံခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ဆောင်ရွက်နေသည့် အင်းဝမြို့ဟောင်း စည်တိုပုံမြို့ရိုး (အနောက်တောင်ထောင့်မှ ရန်နိမ်တံခါးပေါက်အထိ)PhaseI အား ပြန်လည်ဖော်ထုတ်ခြင်း လုပ်ငန်းနှင့် အတွင်းနန်းတော်တံခါးနီတံခါးပေါက်နေရာ တူးဖော်သုတေသနပြု လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကိုမှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အင်းဝရှေးဟောင်းသုတေသနပြတိုက်သို့ရောက်ရှိပြီး ပြခန်းနှင့် ပြသထားသည့် ပစ္စည်းများကို လိုက်လံကြည့်ရှု၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။





၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်းဝမြို့ဟောင်းရှိ လောကသရဖူ ဘုရားကြီးသို့ရောက်ရှိပြီး ရုပ်ပွားတော်ကြီးအားဖူးမြော်ကြည်ညို၍ အလှူငွေများ လှူဒါန်းပြီးနောက် မန္တလေးငလျင်ကြီးကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြုပြင်မွမ်းမံနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ လောကသရဖူရုပ်ပွားတော်ကြီးသည် တစ်တုံးတည်းသော စကျင်ကျောက်သားကြီးကို မြေအောက်တစ်ဝက်၊ မြေပေါ်တစ်ဝက် စိုက်ထူထုဆစ်ပူဇော်ခဲ့ခြင်းဖြစ်ပြီး ဉာဏ်တော်အမြင့်မှာ (၁၈ တောင် ၁) မိုက်၊ တင်ပလ္လင်ခွေတော် အကျယ်(၁၂ တောင် ၁)မိုက်ဖြစ်ကာ အလေးချိန်အားဖြင့် (၄၉၀ ဒသမ ၃၆) တန်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တံတားဦးမြို့နယ်ရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(တံတားဦး)တွင် ကျင်းပသည့် ငှက်ပျောပင် ၁၃၆၀ စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှု၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနတို့ပူးပေါင်း၍ အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်းနေ ကျောင်းသား၊ ကျောင်းသူများအား ခန္ဓာကိုယ်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးစေရေး အထောက်အကူပြု အာဟာရဖြည့်စွက်စာ ငှက်ပျောသီးကျွေးနိုင်ရန် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းလမ်းများဖြင့် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကလေးငယ်များ အာဟာရပြည့်ဝရေး ငှက်ပျောစိုက်ပျိုးရေးစီမံချက်ကို အကောင်အထည်ဖော်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ငှက်ပျောပင်များ စိုက်ပျိုးလျက်ရှိရာ မြေဧရိယာ ၄၁၁ ဧကတွင် ငှက်ပျောပင်ပေါင်း ၂၆၉၂၉၄ ပင် စိုက်ပျိုးဆောင်ရွက်ပြီးဖြစ်သည်။

ယနေ့နံနက်ပိုင်းက တံတားဦးခရိုင်၊ တံတားဦးမြို့နယ်ရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (တံတားဦး)ရှိ မြေနှစ်ဧကတွင် ငှက်ပျောပင် ၁၃၆၀ အား စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားကိုကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် ဆက်စပ်ဌာနများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များ၊ ဒေသခံ ရပ်မိရပ်ဖများ စုစုပေါင်း ၁၅၀၀ ဦးကျော် တက်ရောက်ခဲ့သည်။



အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တံတားဦးခရိုင်တွင် အခြေခံပညာကျောင်းပေါင်း ၂၄၈ ကျောင်းအနက် အခြေခံပညာကျောင်းပေါင်း ၁၇၃ ကျောင်းရှိ မြေဧရိယာပေါင်း ၁၁ ဧကပေါ်တွင် ငှက်ပျောပင်များ စိုက်ပျိုးရန် ၇၅၄၁ ပင် လျာထားဆောင်ရွက်ခဲ့ရာ မြေဧရိယာကိုးဧကပေါ်တွင် ငှက်ပျောပင် ၆၁၈၁ ပင် စိုက်ပျိုးထားရှိပြီးဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနား၌ ငှက်ပျောပင် ၁၃၆၀ ကို စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးပြီး ငှက်ပျောပင်များ ရှင်သန်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကင်းစင်ပြီး အရည်အသွေးကောင်းမွန်သည့် ငှက်ပျောသီးများထွက်ရှိရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် စနစ်တကျ ပြုစုပျိုးထောင်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သတ်မှတ်နေရာများမှနေ၍ ကျောင်းသား၊ ကျောင်းသူများနှင့် အတူ ငှက်ပျောပင်များကို စိုက်ပျိုးပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ငှက်ပျောပင်များအား တပျော်တပါးစိုက်ပျိုးနေကြသည့် ကျောင်းသား၊ ကျောင်းသူများကို လိုက်လံအားပေးခဲ့ကြောင်း၊ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား နံနက်စာ ဧည့်ခံကျွေးမွေးနေမှုများကိုလိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

MANDALAY
Mandalay City Development Committee
• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# ကမ္ဘာ့ငွေကြေးဈေးကွက်၌ ယူရိုငွေကြေးနှင့် နှိုင်းယှဉ်လျှင် အမေရိကန်ဒေါ်လာတန်ဖိုး လေးပတ်ဆက်တိုက် မြင့်တက်



**ဝါရှင်တန် အောက်တိုဘာ ၃**

ဥရောပ အစိုးရကြွေးမြီ စာချုပ် ဈေးကွက်များအတွင်း ရောင်းအားကျဆင်းမှုများ ဖြစ်ပေါ် နေချိန်၌ အမေရိကန် ဘဏ္ဍာရေး ဝန်ကြီးဌာန၏ အကျိုးအမြတ် ရာခိုင်နှုန်းများ မြင့်တက်လာခြင်း နှင့် အမေရိကန် ဗဟိုဘဏ်က အတိုးနှုန်းများကို ဆက်လက် တင်းကျပ်ထားမည်ဟူသော မျှော် လင့်ချက်များကြောင့် ယမန်နေ့က အမေရိကန်ဒေါ်လာသည် ကမ္ဘာ့ ငွေကြေးဈေးကွက်၌ ယူရိုငွေ ကြေးနှင့်နှိုင်းယှဉ်လျှင် လေးပတ် ဆက်တိုက် တန်ဖိုးမြင့်တက်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိခဲ့ ကြောင်း သိရသည်။

စက်တင်ဘာလအတွင်း အမေရိကန်၏ အလုပ်အကိုင် တိုးတက်မှုသည် စီးပွားရေးပညာ ရှင်များ၏ မျှော်မှန်းချက်အောက် လျော့နည်းခဲ့ပြီး အလုပ်လက်မဲ့ နှုန်းမှာ ၄ ဒသမ ၂ ရာခိုင်နှုန်း အထိ အနည်းငယ်မြင့်တက်လာ ခဲ့ကြောင်း ကိန်းဂဏန်းများက ဖော်ပြခဲ့ပြီးနောက် အမေရိကန် ဒေါ်လာ၏ တန်ဖိုးမြင့်တက်မှု အနည်းငယ် ပြန်လည်လျော့ကျ သွားခဲ့သည်။

စံချိန်စံညွှန်းဖြစ်သော ၁၀ နှစ်သက်တမ်းရှိ ဘဏ္ဍာရေးစာချုပ် အကျိုးအမြတ် ရာခိုင်နှုန်းများ သည်လည်း အစီရင်ခံစာ ထွက် ပေါ်လာပြီးနောက် အနည်းငယ် ကျဆင်းသွားခဲ့သော်လည်း နောက် ပိုင်းတွင် ၅ ဒသမ ၁၄ အခြေခံ အမှတ် မြင့်တက်ကာ ၅ ဒသမ ၂၈၅ ရာခိုင်နှုန်းသို့ ရောက်ရှိသွား ကြောင်း သိရသည်။

Mon

# တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှင်းကျန်းဒေသတွင် ကမ္ဘာ့အမြင့်ဆုံး လေတိုက်နှုန်းတိုင်းမျှော်စင် စတင်လည်ပတ်နေ



**ပေကျင်း အောက်တိုဘာ ၃**

တရုတ်နိုင်ငံ အနောက် မြောက်ပိုင်း ရှင်းကျန်းဝီဂါ ကိုယ် ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ လေပြင်း တိုက်ခတ်ရာ လွင်ပြင်ကျယ်ကြီး များအတွင်း မီတာ ၃၆၀ မြင့်မား သော လေတိုက်နှုန်းတိုင်းတာရေး မျှော်စင်ကို အပြည့်အဝ စတင် လည်ပတ်နေပြီဖြစ်ရာ နိုင်ငံ၏ နောက်မျိုးဆက်သစ် ဆန်းသစ် စွမ်းအင် အခြေခံအဆောက်အအုံ များ မြှင့်တင်ရေးကြိုးပမ်းမှုတွင် မှတ်ကျောက်သစ်တစ်ခု စိုက်ထူ နိုင်ခဲ့ကြောင်း စီအင်န်အေသတင်း ဌာနက ဖော်ပြသည်။

အီဖယ်လ် မျှော်စင်ထက်ပင် ပိုမိုမြင့်မားသည့် ထိုအဆောက် အအုံသည် ကမ္ဘာ့လေစွမ်းအင် စက်မှုလုပ်ငန်းများတွင် အမြင့်ဆုံး မျှော်စင်အမျိုးအစားဖြစ်သည်။

ယင်းမျှော်စင်သည် အူရုမချီ မြို့တွင် ရုံးစိုက်သည့် အမျိုးသား လေစွမ်းအင်နည်းပညာ ဆန်းသစ် တီထွင်မှုဗဟိုဌာန၏ စီမံခန့်ခွဲမှု အောက်တွင်ရှိပြီး မူလေကာဇက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ခရိုင် အတွင်းရှိ ၈၀၀ မဂ္ဂါဝပ်ထွက် စမ်း သပ် လေစွမ်းအင်ထုတ် စက်ရုံ အတွက် အဓိကတိုင်းတာမှုများ ကို ပြုလုပ်ပေးလျက် ရှိကြောင်း သိရသည်။

Mon

# ဗီယက်နမ်နိုင်ငံက ၂၀၂၆ ခုနှစ်၏ ပထမ ကိုးလအတွင်း ပြည်ပခရီးသွားဧည့်သည် ၁၇ ဒသမ ၇ သန်း လက်ခံနိုင်ခဲ့

**ဟနွိုင်း အောက်တိုဘာ ၃**

ဗီယက်နမ်နိုင်ငံသည် ၂၀၂၆ ခုနှစ်၏ ပထမ ကိုးလအတွင်း နိုင်ငံတကာ ခရီးသွား ဧည့်သည် ၁၇ ဒသမ ၇ သန်းကို လက်ခံ နိုင်ခဲ့ပြီး ယင်းသည် ပြီးခဲ့သည့် နှစ် အလားတူကာလထက် ၁၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာ ခြင်းဖြစ်ကာ အရှေ့တောင်အာရှ ဒေသအချို့၌ ခရီးသွား ဝင်ရောက် မှုလျော့ကျနေချိန်တွင် ယခုကဲ့သို့ တိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြ သည်။

တရုတ်ပြည်မကြီးသည် ဗီ ယက်နမ်နိုင်ငံ၏ ခရီးသွားဧည့် သည် အများဆုံး ဝင်ရောက်ရာ ဈေးကွက်အဖြစ် ဆက်လက် တည်ရှိနေပြီး ဧည့်သည် ပမာဏ ၃ ဒသမ ၉၅ သန်းရှိကာ စုစု ပေါင်း ပမာဏ၏ ၂၂ ဒသမ ၃ ရာခိုင်နှုန်းခန့် ရှိခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် ခရီးသွား ဧည့်သည် ပမာဏ ၃ ဒသမ ၀၅ သန်း သို့မဟုတ် ၁၇ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ဒုတိယ နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

Mon






# ဘန်ကောက်မြို့ နေရာအချို့၌ အောက်တိုဘာ ၂ ရက် မွန်းလွဲမှစ၍ မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးကြိုးမုန်တိုင်းများ ကျရောက်နိုင်

**ဘန်ကောက် အောက်တိုဘာ ၃**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ တော်၏ နေရာအချို့၌ အောက် တိုဘာ ၂ ရက်မွန်းလွဲပိုင်းမှစ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မိုးကြိုးမုန်တိုင်းများ ကျရောက် နိုင်သည်ဟု ထိုင်းမိုးလေဝသညွှန် ကြားမှုဦးစီးဌာနက သတိပေး ထားပြီး မုန်တိုင်းကျရောက်ရာ ဒေသများတွင် လေပြင်းတိုက်ခတ် ခြင်းနှင့် မိုးကြိုးပစ်ခြင်းများ ဖြစ် ပေါ်နိုင်ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

မိုးရွာသွန်းမှုမှာ ခဏတာ မျှသာဖြစ်နိုင်ကြောင်း မှတ်ချက် ပြုထားသော်လည်း မိုးကြိုးမုန် တိုင်းဖြစ်ပေါ်နေသည့် ဧရိယာများ ရှိ ပြည်သူများအနေဖြင့် ဂရုပြု ကြရန် တိုက်တွန်းထားသည်။

မိုးလေဝသ ရေဒါပြသချက် များအရ အသစ်ဖြစ်ပေါ်လာသော မိုးတိမ်တောင်ကြီးသည် ဘန် ကောက်မြို့အနောက်ပိုင်းကို ဖြတ် သန်းရွေ့လျားလျက်ရှိပြီး စုံထောင် နှင့် ဘန်ခဲဒေသတို့မှာ မိုးကြီး နိုင်သည့် နေရာများတွင် ပါဝင် ကြောင်း သိရသည်။

Mon

STOP AIDS

# စင်ကာပူနိုင်ငံ အလယ်ပိုင်းဒေသ၏ လေထုအရည်အသွေးဆိုးရွား အခြားဒေသ လေးခုတွင် ပုံမှန်အဆင့်၌ပင် ရှိနေသေးသည်ဟု ဆို

**စင်ကာပူ အောက်တိုဘာ ၃**

စင်ကာပူနိုင်ငံ အလယ်ပိုင်း ဒေသ၏ လေထုအရည်အသွေး သည် အောက်တိုဘာ ၃ ရက် နံနက် ၁၁ နာရီတွင် ကျန်းမာရေး အတွက် ဆိုးရွားသည့် အဆင့်သို့ ရောက်ရှိသွားခဲ့ပြီး အခြားဒေသ လေးခုတွင်မူ ပုံမှန်အဆင့်၌ပင် ရှိနေသေးကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

မွန်းလွဲ ၁ နာရီတွင် အလယ် ပိုင်းဒေသ၏ ၂၄ နာရီစာ လေထု ညစ်ညမ်းမှု အညွှန်းကိန်းသည် ၁၀၅ အထိမြင့်တက်လာပြီး အရှေ့ ပိုင်းဒေသတွင် ၉၆၊ အနောက် ပိုင်းဒေသတွင် ၉၃၊ တောင်ပိုင်း ဒေသတွင် ၈၇ နှင့် မြောက်ပိုင်း ဒေသတွင် ၇၇ အသီးသီး ရှိခဲ့ သည်။

သတ်မှတ်ချိန်အတွင်း လေ ထုအရည်အသွေးကိုဖော်ပြသည့် ၁ နာရီစာ ပီအမ် ၂ ဒသမ ၅ အညွှန်းကိန်းမှာ မွန်းလွဲ ၁ နာရီ အချိန်တွင် အလယ်ပိုင်းဒေသ၌ မြင့်မားသည့်အဆင့်တွင် ရှိနေ ကြောင်း သိရသည်။

Mon



# အိုင်ဘီအမ်ကုမ္ပဏီ၏ နောက်ဆုံးပေါ် ကွမ်တမ် ပရိုဆက်ဆာဖြင့် အလွန်ရှုပ်ထွေးသော တွက်ချက်မှုကို ၁၉ စက္ကန့်အတွင်း ပြီးစီးစေခဲ့

**ဝါရှင်တန် အောက်တိုဘာ ၃**

အိုင်ဘီအမ်ကုမ္ပဏီ၏ နောက် ဆုံးပေါ် ကွမ်တမ် ပရိုဆက်ဆာ ကို အသုံးပြု၍ သုတေသီများ သည် အလွန်ရှုပ်ထွေးသော တွက် ချက်မှုတစ်ခုကို ၁၉ စက္ကန့်အတွင်း ပြီးမြောက်အောင် ဆောင်ရွက်နိုင် ခဲ့ပြီး ခေတ်မီ စူပါကွန်ပျူတာ တစ်လုံးလျှင် နှစ်ပေါင်း ၁၁၀ ခန့် ကြာမြင့်နိုင်သည့် တွက်ချက်မှုဖြစ် ကြောင်း စီအင်န်အင်န်သတင်း ဌာနက ဖော်ပြသည်။

အဆိုပါစမ်းသပ်မှုတွင် အိုင် ဘီအမ်၏ နောက်ဆုံးပေါ် ကွမ် တမ် ပရိုဆက်ဆာ အမျိုးအစား ဖြစ်သော နိုက်ဟော့ခ် အာရ် ၂ ကို အသုံးပြုခဲ့ခြင်းဖြစ်ပြီး အမေရိ ကန်အခြေစိုက် ကွမ်တမ် ကွန် ပျူတာနည်းပညာကုမ္ပဏီ ဘလူး ကျူဘစ်မှ သီအိုရီဆိုင်ရာ ရူပ ဗေဒပညာရှင် တီဂရန်ဆီဒရာ ကျန်းက ဦးဆောင်ခဲ့ခြင်း ဖြစ် သည်။

နိုက်ဟော့ခ် အာရ် ၂ တွင် ကျူဘစ်ပမာဏ ၁၂၀ ပါဝင်ပြီး ယင်းသည် ရိုးရိုးကွန်ပျူတာများ၌ အချက်အလက်များ သိမ်းဆည်း ခြင်းနှင့် စိစစ်တွက်ချက်ခြင်းတို့ အတွက် အသုံးပြုသည့် ဘစ်များ နှင့် သဘောတရားချင်း တူညီ ကြောင်း သိရသည်။

Mon



# စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်၏ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၊ ဆန်စပါးအခြေခံထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရောင်းချရေး လုပ်ငန်းစီမံချက် (၂၀၂၆-၂၀၃၀) စာတမ်းကောက်နုတ်ချက်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) နှင့် ပုဂ္ဂလိကကဏ္ဍတို့၏ ကိုယ်စား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ မြန်မာ့ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၅ နှစ်စီမံကိန်းတစ်ခုကို အဆိုပြုတင်ပြအပ်ပါသည်။

ဤစီမံကိန်းသည် စပါးမျိုးစေ့ထုတ်လုပ်ခြင်း၊ စပါးစိုက်ပျိုးခြင်းတို့မှသည် ကုန်ချောထုတ်လုပ်ခြင်း၊ ပြည်တွင်းဖြန့်ဖြူးခြင်းနှင့် ပို့ကုန်တင်ပို့ခြင်းအထိ ဆန်စပါးလုပ်ငန်း ကွင်းဆက်အားလုံးပါဝင်မည် ဖြစ်ပါသည်။

စီမံကိန်း၏ရည်ရွယ်ချက်မှာ စိုက်ပျိုးရေးထွက်ကုန်များကို အကျိုးရှိစွာအသုံးပြုပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော စက်မှုကဏ္ဍတစ်ခု တည်ဆောက်လျက် တောင်သူများ၏ လူနေမှုဘဝကို မြှင့်တင်ရန်ဖြစ်ပါသည်။

အဆိုပါ စိုက်ပျိုးရေးကဏ္ဍကွင်းဆက်တစ်လျှောက် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ပုဂ္ဂလိကလုပ်ငန်းများက ဦးဆောင်ရမည်ဖြစ်ပြီး မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများတွင် အစိုးရ၏မူဝါဒများ၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ (PPPs) ဖြင့် ပံ့ပိုးကူညီပေးရမည်ဖြစ်ပါသည်။

## ရည်မှန်းချက်များနှင့် ၂၀၃၁ ပို့ကုန်လျာထားချက်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်တွင် ဆန်နှင့် ဆန်ကွဲ တန်ချိန် လေးသန်း တင်ပို့နိုင်ရန်နှင့် တစ်ဆက်တည်းမှာပင် လယ်ယာထုတ်လုပ်မှုစွမ်းအားနှင့် တောင်သူများ၏ အသားတင်ဝင်ငွေကို ပိုမိုမြင့်မားလာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အရည်အသွေးမြင့်ဆန်များ၊ ဆန်နှင့် ဆန်ကွဲမှ ထုတ်လုပ်ထားသော အစားအစာများ (Value added)၊ ဖွဲနု၊ စားသုံးဆီ၊ အခြားဘေးထွက်ပစ္စည်းမှ စွမ်းအင်ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်ပြီး လယ်ယာကဏ္ဍထုတ်ကုန်များ တန်ဖိုးနှင့် ပမာဏကို တိုးတက်စေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် အစိုးရတို့သည် ၂၀၂၆ ခုနှစ်၏ အခြေခံစံနှုန်းများ (Baseline) နှင့် ထုတ်လုပ်မှုနှုန်း၊ ထုတ်လုပ်မှုစရိတ်၊ ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုများနှင့် ပို့ကုန်ဝင်ငွေများအတွက် နှစ်စဉ်လျာထားချက်များကို အတည်ပြုသတ်မှတ်ဆောင်ရွက်မည်ဖြစ်ပြီး ပြည်တွင်း၌ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးနှင့် သက်သာသော ဈေးနှုန်းဖြင့် ဆန်ရရှိရေးတို့သည်လည်း ဤစီမံကိန်း၏ အဓိကသော့ချက်အဖြစ် တည်ရှိနေပါသည်။

## ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန်များ

ပြည်ပပို့ကုန်ဆန်စပါးစိုက်ပျိုးရေးဇုန်များ (REZ) သည် တောင်သူများ၊ စက်ပိုင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များ သဘောတူညီသတ်မှတ်ထားသော စပါးမျိုးများ၊ စိုက်ပျိုးရေးနည်းပညာများနှင့် အရည်အသွေး လိုအပ်ချက်များအတိုင်း ထုတ်လုပ်ပေးနိုင်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ပါသည်။ ပါဝင်ဆောင်ရွက်သည့် ကုမ္ပဏီများသည် အာမခံချက်ရှိသော မျိုးစေ့များ၊ ရာသီအလိုက် ချေးငွေများ၊ စက်ကိရိယာဝန်ဆောင်မှုများနှင့် ခိုင်မာသော သီးနှံဝယ်ယူမှုဆိုင်ရာ စာချုပ်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

စိုက်ပျိုးဧရိယာ၊ သီးနှံဖြစ်ထွန်းမှုနှင့် ရိတ်သိမ်းချိန် စသည်တို့ကို ခန့်မှန်းရာတွင် ဂြိုဟ်တုနည်းပညာဖြင့် စောင့်ကြည့်ခြင်း (Satellite monitoring) နှင့် AI အကူအညီသုံး အစီရင်ခံစာများကို အသုံးပြုပြီး မြေပြင်ကွင်းဆင်းစစ်ဆေးမှုများဖြင့် အတည်ပြုရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ပါဝင်သည့်စီးပွားရေးလုပ်ငန်းရှင်များနှင့် တောင်သူအစုအဖွဲ့များကို ညှိနှိုင်းပေးရမည်ဖြစ်ပြီး အစိုးရနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ထားရှိသည့် တာဝန်ရှိသူများက တိုးချဲ့ပညာပေးရေးဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးကို ကူညီပံ့ပိုးပေးခြင်းဖြင့် ထုတ်လုပ်မှုတိုးတက်လာခြင်းမှတစ်ဆင့် တောင်သူများ၏ ဝင်ငွေများ ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

## ပြည်တွင်း အရည်အသွေးမြင့် မျိုးစေ့ထုတ်လုပ်ခြင်း

မြန်မာနိုင်ငံ၏ ရာသီဥတုနှင့်ကိုက်ညီပြီး နိုင်ငံတကာတွင် စံချိန်စံညွှန်း အသိအမှတ်ပြုထားသော မျိုးကွဲများနှင့် မျိုးဗီဇများကိုအသုံးပြု၍ အရည်အသွေးမြင့်၊ အထွက်နှုန်းကောင်း မျိုးစေ့များကို ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်သင့်ပါသည်။ မျိုးစေ့များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးခြင်းမပြုမီ အထွက်နှုန်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ စပါးအရည်အသွေး၊ ဆန်အရည်အသွေးနှင့် ဝယ်ယူသူများ ကြိုက်နှစ်သက်မှုတို့ကို ဒေသတွင်း စမ်းသပ်စိုက်ပျိုးမှုများဖြင့် ဆန်းစစ်ရမည်ဖြစ်ပါသည်။

အစိုးရ သုတေသနအဖွဲ့အစည်းများက မျိုးသန့်မျိုးစေ့နှင့် မိဘမျိုးစေ့များ (Breeder & Foundation Seed) ထောက်ပံ့မှုနှင့် အသိအမှတ်ပြုခြင်းတို့ကို အားကောင်းအောင် လုပ်ဆောင်ရမည်ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍ၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် မျိုးစေ့ထုတ် တောင်သူလယ်သမားအစုအဖွဲ့များက စံချိန်မီမျိုးစေ့များကို တိုးပွားထုတ်လုပ်ဖြန့်ဖြူးပေးရမည်ဖြစ်ပါသည်။ အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မျိုးစေ့လုပ်ငန်းများတွင် သုတေသနဆောင်ရွက်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေမည်ဖြစ်ပါသည်။

ပေါ်ဆန်းစပါး မျိုးသန့်စင်မှုနှင့် အခြားအဆင့်မြင့် မြန်မာ့စပါးမျိုးများကိုလည်း ဤစီမံကိန်းတစ်လျှောက်လုံး မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပေးနိုင်ရေးနှင့် မျိုးထိန်းသိမ်းခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## လယ်ယာမြေပြင်ခြင်းနှင့် စဉ်ဆက်မပြတ် တည်မြဲမည့်စိုက်ပျိုးရေး

ပြည်ပပို့ကုန်ဆန်စပါးစိုက်ပျိုးရေးဇုန်များ(REZ) ဖွံ့ဖြိုးတိုးတက်ရေးတွင် တောင်သူများ၏ ဆန္ဒအလျောက် မြေကွက်များ ပေါင်းစည်းခြင်း သို့မဟုတ် အနီးစပ်ဆုံးလယ်ကွက်များအား စနစ်တကျပူးပေါင်းစိုက်ပျိုးခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး တောင်သူများ ပါဝင်ဆောင်ရွက်မှုနှင့် ဥပဒေကြောင်းအရ လယ်ယာမြေအကျိုးခံစားခွင့်များကို အကာအကွယ်ပေးရမည် ဖြစ်ပါသည်။

မြေပြင်ညီညာအောင် ပြုလုပ်ခြင်း၊ လယ်ယာကုန်ထုတ်လမ်းများပြုပြင်ခြင်း၊ ကန်သင်းများ အဆင့်မြှင့်တင်ခြင်း၊ ရေသွင်း/ရေထုတ်စနစ်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများကို အကျိုးရှိစွာသုံးစွဲနိုင်စေရန်နှင့် ရေထိန်းချုပ်မှုကို ပိုမိုကောင်းမွန်စေရန် ထောက်ပံ့ပေးမည်ဖြစ်သည်။ မြေညီညာပြီး ရေပေးဝေမှုသေချာစွာရရှိနိုင်သည့် နေရာများတွင် "စိုလိုက်ခြောက်လိုက် ရေသွင်းစနစ်" (AWD) ကို တောင်သူများအား သင်တန်းပေးခြင်း၊ သီးနှံအဆင့်လိုက် လမ်းညွှန်မှုများ ပေးခြင်းဖြင့် တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အစိုးရနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းတို့သည် ရေသွင်း၊ ရေထုတ်မြောင်းများ/ ရေပေးဝေမှု အခြေခံအဆောက်အအုံများကို မြှင့်တင်ပေးရမည်ဖြစ်ပြီး တောင်သူများနှင့် ကုမ္ပဏီများက မြေဆီလွှာစစ်ဆေးခြင်း၊ ဓာတ်မြေဩဇာမျှတစွာ သုံးစွဲခြင်းနှင့် ပိုးမွှားကာကွယ်နှိမ်နင်းခြင်း (IPM) စသည်တို့ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်းနှင့် ဆန်စက်များ ခေတ်မီဆန်းသစ်ခြင်း

သီးနှံများအထွက်နှုန်းနှင့် အရည်အသွေး အကောင်းဆုံးရရှိနိုင်သည့်အချိန်တွင် အချိန်ကိုက် ရိတ်သိမ်းခြင်း၊ စနစ်တကျ သယ်ယူပို့ဆောင်ခြင်းနှင့် စက်ကိရိယာသုံး အခြောက်ခံခြင်းတို့သည် လေလွင့်ပြုန်းတီးမှုကို လျှော့ချပေးပြီး စပါး၏အရည်အသွေးကို ထိန်းသိမ်းပေးမည်ဖြစ်သည်။

ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများသည် စပါး/ ဆန်များ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ စပါး/ဆန်အဆင့်အတန်း ခွဲခြားရေး၊ အစားအသောက်ဘေးကင်းရေးနှင့် စွမ်းအင်အကျိုးရှိစွာ သုံးစွဲနိုင်ရေးတို့အတွက် အမိုးအကာပါသော ဂိုဒေါင်များနှင့် သင့်တော်သော စပါး/ဆန်သိုလှောင်ရုံ (Silos) များကို အသုံးပြုသိုလှောင်၍ ဆန်စက်များကို အဆင့်မြှင့်တင်ရမည်ဖြစ်ပါသည်။ မျိုးကွဲများနှင့် အရည်အသွေးအဆင့်အတန်းအလိုက် သီးခြားစီ စီမံကိုင်တွယ်ခြင်းကို သိုလှောင်ချိန်နှင့် ပြုပြင်ထုတ်လုပ်ချိန်များတွင် စနစ်တကျ ဆက်လက်ဆောင်ရွက်ရမည်။

နိုင်ငံတော်နှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းတို့သည် အများသုံး အဆောက်အအုံများ၊ နည်းပညာသင်တန်းများနှင့် လိုအပ်သော အခြေခံအဆောက်အအုံများကို ပံ့ပိုးပေးရမည်ဖြစ်သည်။ ပြည်တွင်း၌ စက်ကိရိယာများ တပ်ဆင်ခြင်း၊ အပိုပစ္စည်းများ ထောက်ပံ့ခြင်းနှင့် ထိန်းသိမ်းပြုပြင်ရေးကျွမ်းကျင်မှုများသည် လုပ်ငန်းများ၏ စက်ကိရိယာများကို စိတ်ချရပြီး ဘေးကင်းစွာ လည်ပတ်နိုင်စေရန် ကူညီပေးမည်ဖြစ်သည်။

## Myanmar Rice Online မှတစ်ဆင့် ဒီဂျစ်တယ်စနစ်ဖြင့် မှတ်ပုံတင်ခြင်း

Myanmar Rice Online (MyRO) စနစ်သည် ဆန်စက်များ၊ ဆန်နှင့် စပါးဂိုဒေါင်များ၏ အချက်အလက်များ၊ ပစ္စည်းအဝင်အထွက်စာရင်းများနှင့် လက်ကျန်စာရင်းများကို တိကျစွာဖြင့် အွန်လိုင်းမှတစ်ဆင့် အတည်ပြုမှတ်ပုံတင်နိုင်ရေး ပံ့ပိုးပေးရမည်ဖြစ်သည်။ အစိုးရနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့သည် အစီရင်ခံတင်ပြမှုများကို လွယ်ကူရှင်းလင်းအောင် ပြုလုပ်ပေးရမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ၏ မှတ်ပုံတင်ခြင်းကို ကူညီပေးကာ အရေးကြီးသော စီးပွားရေးဆိုင်ရာ အချက်အလက်များကို အကာအကွယ်ပေးရမည်ဖြစ်သည်။

အဆိုပါ MyRO မှစာရင်းဇယားများသည် ဆန်/စပါးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ၏ စီမံကိန်းရေးဆွဲခြင်း၊ စိစစ်စုံစမ်းနိုင်ခြင်း (Traceability) နှင့် ဘဏ္ဍာရေးဆိုင်ရာ ဆန်းစစ်ချက်များကို ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ MyRO တွင် မှတ်ပုံတင်ခြင်းသည် ဆန်/စပါးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ လုပ်ကိုင်သူများအနေဖြင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများကို လွယ်ကူစွာ ရယူနိုင်မည်ဖြစ်သော်လည်း အချိန်ကိုက်၊ တိကျသော အချက်အလက်များနှင့် မိမိတို့ထုတ်ကုန်၏ အရည်အသွေးအတွက် မှတ်တမ်းပြုစုတင်ပြရန် တာဝန်ရှိမည်ဖြစ်ပါသည်။

## အရည်အသွေးမြင့် အမှတ်တံဆိပ် ဖန်တီးခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးခြင်း

ဆန်/စပါးလုပ်ငန်းတွင် ပါဝင်သည့် စီးပွားရေးလုပ်ငန်းများသည် စပါး/ဆန် ဝယ်ယူခြင်းမှစ၍ လက်လီရောင်းချခြင်းအထိ တစ်သမတ်တည်းရှိသော ဆန်/စပါး အဆင့်အတန်းခွဲခြားခြင်း၊ အစားအသောက် ဘေးကင်းရေးထိန်းချုပ်ခြင်းနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် စုံစမ်းနိုင်ခြင်း (Lot traceability) တို့ကို ဆောင်ရွက်နိုင်ရန် တိကျသော မူရင်းဒေသနှင့် ထုတ်ကုန်အညွှန်းအမှတ်အသားများဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် အရည်အသွေး စံချိန်စံညွှန်းများကို ညှိနှိုင်းပေးရမည်ဖြစ်ပြီး သင့်တော်သော ဒေသဆိုင်ရာ အညွှန်းအမှတ်အသား (Geographical Indication) အကာအကွယ်ပေးခြင်းနှင့် စံမီထုပ်ပိုးမှုများပါဝင်သည့် ပေါ်ဆန်းနှင့် ဒေသတွင်း ဆန်အမှတ်တံဆိပ်များကို မြှင့်တင်ပေးရမည်ဖြစ်သည်။ လိမ်လည်ရောနှောရောင်းချခြင်းများကို တားဆီးရမည်ဖြစ်ပြီး ခွင့်ပြုထားသော ရောနှောဆန်များတွင် ကျင့်ဝတ်နှင့်ကိုက်ညီ၍ ရှင်းလင်းပြီး တာဝန်ယူမှုရှိသော အမှတ်အသားများကို တပ်ဆင်ရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးနှင့် မျှတသော ဈေးကွက်ကျင့်သုံးမှုများကို အားကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပိုမိုကောင်းမွန်သော လက်ကား၊ လက်လီနှင့် ဒီဂျစ်တယ် ဖြန့်ဖြူးရေးစနစ်များသည် ပြည်တွင်း၌ သက်သာသောဈေးနှုန်းဖြင့် ဆန်ကိုစိတ်ချစွာ ဝယ်ယူရရှိနိုင်မှုကိုထိန်းသိမ်းလျက် အရည်အသွေးမြင့် ထုတ်ကုန်များကို ရောင်းချပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## ဖွဲနုဆီနှင့် ဆီထုတ်ပြီးဖွဲ

ဖွဲနုသည် စားသုံးဆီထုတ်လုပ်မှုအတွက် ယုံကြည်စိတ်ချရသော ကုန်ကြမ်းဖြစ်လာမည်ဖြစ်ပြီး ဆီထုတ်ပြီးဖွဲ (Defatted rice bran) မှတစ်ဆင့် တန်ဖိုးပိုမိုထွက်ရှိသည့် အရင်းအမြစ်ဖြစ်လာမည်ဖြစ်သည်။ စက်ပိုင်များနှင့် ထုတ်လုပ်သူများသည် ကုန်ကြမ်းထောက်ပံ့ရေး စာချုပ်များချုပ်ဆိုရမည်ဖြစ်ပြီး ဆီမထုတ်မီဖွဲသစ်များ၏ အရည်အသွေး မပျက်စီးစေရန် အချိန်ကိုက်သိမ်းဆည်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရမည်။

ဆီထုတ်ယူခြင်းနှင့် သန့်စင်ခြင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများသည် စိတ်ချရသော ကုန်ကြမ်းပမာဏနှင့် အတည်ပြုထားသော ဈေးကွက်များအပေါ် အခြေခံရမည်ဖြစ်ပါသည်။ ဆီထုတ်ပြီးဖွဲသည် စနစ်တကျဖော်စပ်ထားသော မွေးမြူရေးနှင့် ရေလုပ်ငန်းအစာများတွင် အသုံးပြုနိုင်သည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်ဖြစ်သည်။ နိုင်ငံတော်နှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်းများသည် အခြေခံအဆောက်အအုံများ၊ ဓာတ်ခွဲစမ်းသပ်မှုများနှင့် နည်းပညာများကို ပံ့ပိုးပေးရမည်ဖြစ်ပါသည်။

## ဆန်အခြေခံ အစားအစာများနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

ထုတ်လုပ်သူများသည် ပြည်တွင်းစားသုံးသူများနှင့် ပြည်ပဝယ်ယူသူများအတွက် ဆန်မှုန့်၊ မုန့်ဖတ်၊ ခေါက်ဆွဲ၊ ကြာဆံနှင့် အခြားစီးပွားရေးအရ တွက်ခြေကိုက်သော ဆန်အခြေခံထုတ်ကုန်များကို တိုးချဲ့ထုတ်လုပ်ရမည်ဖြစ်ပါသည်။ အစားအသောက် ဘေးကင်းရေးနှင့် ထုတ်ကုန်စံချိန်စံညွှန်းများနှင့် ကိုက်ညီသော ဆန်နှင့်ဆန်ကွဲများကို စက်မှုလုပ်ငန်းများသို့ ထောက်ပံ့ပေးနိုင်ပါသည်။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) သည် သန့်ရှင်းသော ပြုပြင်ထုတ်လုပ်မှု စက်ကိရိယာများ၊ ထုပ်ပိုးမှုနည်းပညာများ၊ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖြန့်ဖြူးရေး မိတ်ဖက်များကို ရရှိရန် လိုအပ်ပါသည်။ အစိုးရ၏ ပံ့ပိုးမှုနှင့် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဖွင့်လှစ်သော စာမျက်နှာ ၉ သို့

❁ စာမျက်နှာ ၈ မှ

ခေတ်ခွဲခန်းများ သို့မဟုတ် အများသုံး အဆောက်အအုံများသည် ကုမ္ပဏီများအား ထုတ်ကုန်များကို စမ်းသပ်ရန်နှင့် သက်တမ်းပိုမိုကြာရှည်ခံအောင် ဆောင်ရွက်ရန် ကူညီပေးနိုင်ပြီး ပုဂ္ဂလိကလုပ်ငန်းများသည် စားသုံးသူလိုအပ်ချက်နှင့်ကိုက်ညီသော ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။

### ဇီဝမီးသွေး (Biochar) နှင့် လျှပ်စစ်ဓာတ်အားအတွက် စပါးခွံ

စပါးခွံများကို ရရှိနိုင်သော ပမာဏနှင့် ဒေသတွင်း လိုအပ်ချက်ပေါ်မူတည်၍ ဇီဝမီးသွေးနှင့် စွမ်းအင်ရင်းနှီးမြှုပ်နှံမှုများတွင် အသုံးပြုရမည်။ အသေးစား လျှပ်စစ်ဓာတ်အားစနစ်များသည် တစ်သီးပုဂ္ဂလဆန်စက်များ သို့မဟုတ် အနီးနားရှိ သုံးစွဲသူများကို ဝန်ဆောင်မှုပေးနိုင်ပြီး အလတ်စား စီမံကိန်းများသည် ဆန်ကြိတ်ခြင်းနှင့် အခြောက်ခံခြင်းတို့အတွက် အပူနှင့် လျှပ်စစ်ဓာတ်အားကို တွဲဖက်ထုတ်လုပ်နိုင်ပါသည်။ အကြီးစားစီမံကိန်းများအတွက် ဆန်စက်အမြောက်အမြားထံမှ စိတ်ချရသော စပါးခွံရရှိမှုနှင့် ခိုင်မာသော လျှပ်စစ်ဝယ်ယူသူများ လိုအပ်ပါသည်။

ဇီဝမီးသွေးထုတ်လုပ်မှုသည် စနစ်တကျ ပြုပြင်ထုတ်လုပ်မှု၊ အရည်အသွေးစမ်းသပ်မှုနှင့် ဒေသတွင်း မြေဆီလွှာစမ်းသပ်မှုများ လိုအပ်သည်။ နိုင်ငံတော်အနေဖြင့် ရှင်းလင်းသော လျှပ်စစ်ဓာတ်အားဆိုင်ရာ စီမံဆောင်ရွက်မှုများကို ပံ့ပိုးပေးရမည်ဖြစ်ပြီး လုပ်ငန်းလုပ်ကိုင်သူများသည် ကုန်ကြမ်းရရှိရေး၊ ဝန်ထမ်းများကို သင်တန်းပေးရေးနှင့် ဓာတ်ငွေ့ထုတ်လွှတ်မှု ထိန်းချုပ်ရေးတို့ကိုဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်းရေးဆွဲရာတွင် ပြိုင်ဆိုင်မှုရှိသော အသုံးပြုမှုများကြား စပါးခွံပမာဏကို စာရင်းနှစ်ထပ်ထပ်တွက်မိခြင်း (Double-counting) မှရှောင်ရှား၍ တိကျသေချာစွာ တွက်ချက်ရမည်ဖြစ်ပါသည်။

### စွန့်ပစ်ပစ္စည်းများပြန်လည်အသုံးပြုသည့် ဆန်စပါးစီးပွားရေးစနစ်

စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုသည့် ဆန်စပါးစီးပွားရေးစနစ်သည် ဆုံးရှုံးမှုများကို တားဆီးခြင်းနှင့် သင့်တော်သော ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုခြင်းတို့ဖြင့် ဆန်စပါးကဏ္ဍကို စွန့်ပစ်ပစ္စည်း လုံးဝမရှိစေသည့် (Zero Waste) ဦးတည်ချက်သို့ သွားစေမည်ဖြစ်သည်။ ဖွဲနုသည် စားသုံးဆီနှင့် အစာပါဝင်ပစ္စည်းများကို ထောက်ပံ့ပေးနိုင်သည်။ ဆန်ကွဲသည် အစားအသောက် ပြုပြင်ထုတ်လုပ်မှုကို အထောက်အကူပြုနိုင်သည်။ စပါးခွံသည် ဇီဝမီးသွေး သို့မဟုတ် စွမ်းအင်ကို ရရှိစေသည်။ စနစ်တကျ ပြုပြင်ထားသော သင့်တော်သည့် ဇီဝစွန့်ပစ်ပစ္စည်းများသည် သဘာဝမြေသြဇာ ဖြစ်လာစေရန် ကူညီပေးနိုင်သည်။

လုပ်ငန်းများမှ ပြန်လည်ရရှိသော ပစ္စည်းများကို တိုင်းတာရမည်ဖြစ်ပြီး ကျန်ရှိသော စွန့်ပစ်ပစ္စည်းများကို ဘေးကင်းစွာစီမံခန့်ခွဲရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများအတွက် လုပ်ငန်းစဉ်အတွင်း ပါဝင်ပတ်သက်သူများစုပေါင်း၍ စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

### ဆန်စပါးအခြေပြု စိုက်ပျိုးရေးနှင့် စက်မှုကွန်ရက်များ

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် တည်ရှိသော ဆန်စက်များသည် ဆန်ကြိတ်ခွဲခြင်းကို ဖွဲနုဆီနှင့် အခြားစားသုံးဆီများ၊ တိရစ္ဆာန်အစာ၊ သဘာဝမြေသြဇာ၊ ဆန်မှုန့်၊ ပြောင်းဖူးမှုန့်၊ ပဲပြုပြင်ထုတ်လုပ်ခြင်း၊ ဆန်ခေါက်ဆွဲနှင့် ကြာဆံထုတ်လုပ်ခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသတွင်း ကုန်ကြမ်းထောက်ပံ့မှုနှင့် လိုအပ်ချက်ကို အထောက်အပံ့ဖြစ်မည် ဖြစ်ပါသည်။ လုပ်ငန်းရှင်များ စုပေါင်းသုံးစွဲမည့်သိုလှောင်ရုံများ၊ အသုံးအဆောင်ပစ္စည်းများ၊ ဓာတ်ခွဲခန်းများနှင့် ဖြန့်ဖြူးရေးစနစ်များသည် ပြုပြင်ထုတ်လုပ်သူများကို တောင်သူများ၊ ဝယ်ယူသူများနှင့် ချိတ်ဆက်ပေးနိုင်သည်။

ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများသည် လုပ်ငန်းဆောင်ရွက်မှုများကို ဦးဆောင်ရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများမှ အခြေခံအဆောက်အအုံများ၏ ကူညီပံ့ပိုးမှုဖြင့် သင့်တော်သော ဘေးထွက်ပစ္စည်းများက တိရစ္ဆာန်အစာကို ထောက်ပံ့ပေးကာ စနစ်တကျပြုပြင်ထားသော စွန့်ပစ်ပစ္စည်းများက သဘာဝမြေသြဇာဖြစ်လာအောင် ကူညီပေးရမည် ဖြစ်ပါသည်။

### ပို့ကုန်မြှင့်တင်ရေးနှင့် စိတ်ချရသော တင်ပို့ဖြန့်ဖြူးမှု

ပို့ကုန်လုပ်ငန်းရှင်များသည် အဆင့်မြင့်ဆန်၊ ဆန်မွှေး၊ ပေါင်းဆန်နှင့် ထုပ်ပိုးပြီးဆန်တို့အတွက် ဝယ်ယူသူများကို စုံလင်အောင်ဆောင်ရွက်ပေးရမည် ဖြစ်ပြီး အရည်အသွေးနှင့် စိတ်ချရသော စာချုပ်များကိုထိန်းသိမ်းကာ ကုန်သွယ်ရေးနှင့်ဘဏ္ဍာရေးကို အာမခံချက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် စီးပွားရေး မြှင့်တင်မှုများနှင့် ဈေးကွက်သတင်းအချက်အလက်များကို ညှိနှိုင်းပေးရမည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် ဈေးကွက်ဝင်ရောက်နိုင်မှု၊ အချိန်နှင့်တစ်ပြေးညီ လိုအပ်သော အသိအမှတ်ပြုလက်မှတ် ထုတ်ပေးမှု၊ ဆိပ်ကမ်းများနှင့် ခန့်မှန်းရလွယ်ကူသော ပို့ကုန်နှင့် နိုင်ငံခြားငွေလဲလှယ်ရေးမူဝါဒများကို ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

နှစ်စဉ် ပို့ကုန်ရည်မှန်းချက်များသည် ပြည်တွင်း စားသုံးမှုဖူလုံစေရေးနှင့် လက်ကျန်စာရင်းများကို ထိခိုက်မှုမရှိစေရန် လိုအပ်ပါသည်။ ပို့ကုန်ဝင်ငွေများကို ဆန်နှင့် ဆန်ကွဲတန်ချိန်တို့နှင့်အတူ စောင့်ကြည့်စစ်ဆေးရမည်ဖြစ်ပြီး ဆန်/ဆန်ကွဲအခြေခံထားသော အစားအစာများနှင့် ဘေးထွက်ထွက်ကုန်များကို သီးခြားစာရင်းပြုစုတင်ပြရမည်ဖြစ်ပါသည်။

### တာဝန်ဝတ္တရားများနှင့် ဘဏ္ဍာရေးဆိုင်ရာ

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ပုဂ္ဂလိကကဏ္ဍများတွင် ပါဝင်ဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု ဦးစားပေးလုပ်ငန်းများနှင့် စက်မှုကဏ္ဍ နှစ်ချုပ်အစီရင်ခံစာများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ရမည် ဖြစ်ပါသည်။ ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ တောင်သူများ စာချုပ်ချုပ်ဆိုခြင်းနှင့် ဈေးကွက်များ ဖော်ဆောင်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် အများပြည်သူဆိုင်ရာ သုတေသနလုပ်ငန်းများ၊ ရေသွင်းရေထုတ်မြောင်းများ၊ ကုန်ထုတ်လမ်းများနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ခန့်မှန်းရလွယ်ကူသော မူဝါဒများနှင့် ထိရောက်သော စံချိန်စံညွှန်းများကို ပံ့ပိုးပေးရမည်ဖြစ်ပါသည်။

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများသည် REZ ဝန်ဆောင်မှုများ၊ မျိုးစေ့ သုတေသနနှင့် ဖြန့်ဖြူးရေးစင်တာများ၊ ဓာတ်ခွဲခန်းများ၊ MyRO နှင့် သင့်တော်သော စက်မှုအခြေခံအဆောက်အအုံများကို ရှင်းလင်းသော ပိုင်ဆိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်ရန် တာဝန်ဝတ္တရားများကို တိကျစွာ ဆောင်ရွက်ပေးသင့်ပါသည်။ ဘဏ်များသည် ရာသီအလိုက် စိုက်ပျိုးစရိတ်နှင့် ကုန်သွယ်ရေးချေးငွေများ၊ စက်ကိရိယာများအတွက် ကာလရှည်ချေးငွေ သို့မဟုတ် နှစ်ချုပ်အငှားချခြင်းစနစ် (Leasing) များကို ပံ့ပိုးပေးရမည်ဖြစ်ပါသည်။ ဦးစားပေးစီမံကိန်းတိုင်းအတွက် တာဝန်ယူရမည့် ဦးဆောင်သူ၊ ဘတ်ဂျက်နှင့် အကောင်အထည်ဖော်မည့် အချိန်ဇယားများရှိရန် လိုအပ်ပါသည်။

### အကောင်အထည်ဖော်ခြင်းနှင့် နှစ်စဉ် ပြန်လည်သုံးသပ်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် အစိုးရတို့သည် အခြေခံ စံချိန်စံနှုန်းများကို အတည်ပြုခြင်း၊ REZ ဧရိယာများကို သတ်မှတ်ခြင်း၊ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို အားကောင်းအောင်လုပ်ဆောင်ခြင်းနှင့် တောင်သူများနှင့်အတူ တောင်သူအကျိုးပြုစီမံကိန်းတစ်ရပ် ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၂၀၂၇-၂၀၂၈ နှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တို့တွင် အရည်အသွေးကောင်း မျိုးစေ့များနှင့် AWD ကဲ့သို့ သင့်တော်သော စိုက်ပျိုးနည်းစနစ်များကို တိုးချဲ့ခြင်းဆောင်ရွက်ခြင်းနှင့် ရိတ်သိမ်းချိန်လွန်လုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၂၀၂၉-၂၀၃၀ နှင့် ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်တို့တွင် အောင်မြင်ပြီးသောလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တိုးချဲ့ခြင်းနှင့် အမှတ်တံဆိပ်ပါ ပို့ကုန်များကို အားကောင်းအောင် ဆောင်ရွက်ခြင်းတို့အပေါ် အဓိကထားရမည်ဖြစ်ပါသည်။

တောင်သူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဘဏ္ဍာရေးဆိုင်ရာ မိတ်ဖက်များနှင့်အတူ နှစ်စဉ် လုပ်ငန်းပြန်လည်သုံးသပ်မှုများပြုလုပ်၍ ဝင်ငွေ၊ ထုတ်လုပ်မှု စွမ်းအား၊ ဆုံးရှုံးမှုများ၊ တန်ဖိုးမြှင့်တင်မှုများနှင့် ပို့ကုန်များကို ဆန်းစစ်ရမည်ဖြစ်ပြီး ရလဒ်များအပေါ်မူတည်၍ လိုအပ်ချက်ရှိသည့် နေရာများတွင် လုပ်ဆောင်ချက်များကို ပြန်လည်ပြင်ဆင်ရမည် ဖြစ်ပါသည်။

### နိဂုံး

လုပ်ငန်းအောင်မြင်မှုများသည် တောင်သူများအတွက် ပိုမိုကောင်းမွန်သော လူနေမှုဘဝကို ဆောင်ကြဉ်းပေးမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၏ ရှင်းလင်းသောမူဝါဒများနှင့် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ပုဂ္ဂလိကကဏ္ဍတို့သည် ဈေးကွက်ထိုးဖောက်မှု အားကောင်းစေရန်နှင့် အရည်အသွေးကောင်းစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၂၆-၂၀၃၁ စီမံကိန်းကို စနစ်တကျ ပူးပေါင်းအကောင်အထည်ဖော်ရန်နှင့် ရလဒ်များမျှဝေရန်အတွက် အတူတကွပူးပေါင်းတာဝန်ယူကြရန် လိုအပ်ပါသည်။ နှစ်စဉ် ဆန်နှင့် ဆန်ကွဲတန်ချိန်လေးသန်းတင်ပို့နိုင်ရေး ရည်မှန်းချက်သည် ပြည်တွင်းစားရေရိက္ခာဖူလုံစေရေးနှင့် မြန်မာ့တောင်သူလယ်သမားများအတွက် ရေရှည်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။

○ မြန်မာမှ

ခြေစမ်းပွဲကစားခြင်းဖြစ်သည်။ ခြေစမ်းပွဲကစားမည့် မြန်မာ ယူ-၁၇ အသင်းတွင် ပဏာမကစားသမားများအဖြစ် ဂိုးသမား- အောင်ဘုန်းမြတ် (မန္တလေးတိုင်းဒေသကြီး)၊ လင်းလက်ထွန်း (Falcon FC)၊ ရှောဘတ်၊ စောအောင်ကျော်ဖြိုး (ကရင်ပြည်နယ်)၊ နောက်တန်း- ကြည်သာ (အမျိုးသား ဘောလုံးအကယ်ဒမီ- ရန်ကုန်)၊ ဟိန်းသန့်ချစ်ခင်(အမျိုးသား ဘောလုံးအကယ်ဒမီ - ရန်ကုန်)၊ မျိုးဇော်လွင် (မန္တလေးတိုင်းဒေသကြီး)၊ မြတ်သူမောင်(အမျိုးသားဘောလုံးအကယ်ဒမီ - ရန်ကုန်)၊ မြင့်မြတ်အောင် (အမျိုးသားဘောလုံးအကယ်ဒမီ-ရန်ကုန်)၊ လမင်းထိန် (မြန်မာဘောလုံးအကယ်ဒမီ-မန္တလေး)၊ ဇင်မင်းမြတ်သူ (အမျိုးသား ဘောလုံးအကယ်ဒမီ-ရန်ကုန်)၊ မြတ်မင်းသူ(မြန်မာဘောလုံး အကယ်ဒမီ-မန္တလေး)၊ ခွန်စိုင်းကြယ်စင် (ရှမ်းပြည်နယ်)၊ မိုးကောင်းခန့် (မြန်မာဘောလုံး အကယ်ဒမီ-မန္တလေး)၊ အလယ်တန်း-ခွန်ဝေဖြိုး (အမျိုးသား ဘောလုံးအကယ်ဒမီ-ရန်ကုန်)၊ သန်းထိုက်အောင်(အမျိုးသား ဘောလုံးအကယ်ဒမီ-ရန်ကုန်)၊ ခွန်ထွန်းဝေ (မြန်မာဘောလုံးအကယ်ဒမီ-မန္တလေး)၊ သူရမောင်(စစ်ကိုင်းတိုင်းဒေသကြီး)၊ နေယံထွဋ်(အမျိုးသား ဘောလုံးအကယ်ဒမီ-ရန်ကုန်)၊ ပရင့်စ်ဒိုဒိုထန် (ရန်ကုန်တိုင်းဒေသကြီး)၊ သန့်ဇင်အောင် (မြန်မာဘောလုံးအကယ်ဒမီ - မန္တလေး)၊ သူရဟိန်းထက်(အမျိုးသားဘောလုံးအကယ်ဒမီ-ရန်ကုန်)၊ စောဂျိမ်း(ရန်ကုန်တိုင်းဒေသကြီး)၊ အောင်မြတ်သာ (မြန်မာဘောလုံးအကယ်ဒမီ-မန္တလေး)၊ ရှေ့တန်း-ပိုင်ဇေထွန်း၊ ဖုန်းအောင်ရဲရင့်၊ ကောင်းခန့်လင်း (အမျိုးသားဘောလုံးအကယ်ဒမီ-ရန်ကုန်)၊ စိုင်းမင်းအောင် (မြန်မာဘောလုံး အကယ်ဒမီ-မန္တလေး)၊ သက်နိုင်ဦး (ရန်ကုန်စီးတီး)တို့ ပါဝင်ကြသည်။

အာရှဖလား ယူ-၁၇ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာယူ-၁၇ အသင်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ မြန်မာဘောလုံးအကယ်ဒမီများမှ ပဏာမကစားသမား ၂၉ ဦးဖြင့် ဖွဲ့စည်းထားပြီး ဂျပန်လူမျိုးနည်းပြချုပ် ကိုင်ဆူကီက တာဝန်ယူကိုင်တွယ်လျက်ရှိသည်။ ထို့ပြင် ကစားသမားများ အတွေ့အကြုံရစေရန် ပြည်တွင်းလိဂ်ဖြစ်သော M-League ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် Galaxy အသင်းအမည်ဖြင့် ယှဉ်ပြိုင်လျက်ရှိသည်။ ယင်းခြေစမ်းပွဲများကို အောက်တိုဘာ ၄ ရက်နှင့် ၇ ရက်တွင် ရန်ကုန်မြို့ သန်လျင်မြို့ရှိ Star City ကွင်း (Sunset Venue) ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် အိန္ဒိယအသင်းသည် မတ်လဆန်းကလည်း ရန်ကုန်မြို့တွင် ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ပြီး အိန္ဒိယအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-MFF

## ထင်းအစားအခြားလောင်စာသုံးစွဲရေး အသိပညာပေးဟောပြောပွဲနှင့် စွမ်းအားမြှင့်အေဝမ်းမီးဖိုများ အခမဲ့ဖြန့်ဝေ

**မကွေး အောက်တိုဘာ ၃**

မကွေးမြို့နယ်တွင် ထင်းအစား အခြားလောင်စာတိုးမြှင့်သုံးစွဲရေး အသိပညာပေးဟောပြောပွဲနှင့် စွမ်းအားမြှင့်အေဝမ်းမီးဖိုများ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီက ကန်သာလေး ကျေးရွာ ရွာဦးကျောင်းတိုက်၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအရေးကြီးပုံ၊ ရာသီဥတုပြောင်းလဲလာမှု၏ အကြောင်းအရင်းများ၊ သစ်တောသစ်ပင်များ၏ အရေးပါပုံနှင့် ထင်းအစား အခြားလောင်စာတိုးမြှင့်သုံးစွဲရေး အသိပညာပေးဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများက သိရှိလိုသည်များကို ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက ဗီနိုင်း၊ ပိုစတာများဖြင့် ပြသ ရှင်းလင်းခြင်း၊ မီးဖိုနှိုင်းယှဉ်ချက်ပြုတ်ပြသပြီး ကျေးရွာအတွင်း အိမ်ထောင်စု ၃၂၀ စုအား စွမ်းအားမြှင့် အေဝမ်းမီးဖိုများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

(အောက်ပုံ)

မောင်နိုင်မင်း(ပြန်/ဆက်)



# အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲနှင့် ကမ္ဘာ့ချန်ပီယံရှစ် လက်ရည်စစ်ပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင်လှေလှော်အသင်း ငွေတံဆိပ် ငါးခုနှင့် ကြေးတံဆိပ် လေးခု ဆွတ်ခူးရရှိ

ရန်ကုန် အောက်တိုဘာ ၃

၂၀၂၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၃ ရက်အထိ တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပပြီးစီးခဲ့သည့် (World Cup) ကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော် လက်ရည်စစ်ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် လှေလှော် အားကစားအသင်းသည် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ စက်တင်ဘာ ၃၀ ရက်တွင် ကျင်းပသည့် အမျိုးသားအလွတ်တန်း (၈)တက်လှော် မီတာ ၂၀၀၀ ပြိုင်ပွဲတွင် ရုရှားအသင်းက ပထမ၊ စပိန်အသင်းက ဒုတိယနှင့် မြန်မာအသင်းက တတိယဆုများကို လည်းကောင်း၊ အောက်တိုဘာ ၃ ရက်မှ ယနေ့အထိ ကျင်းပခဲ့သည့် အမျိုးသား/ အမျိုးသမီး အလွတ်တန်း (၁၀)တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲတွင် ရုရှားအသင်းက ပထမ၊ ဟန်ဂေရီ အသင်းက ဒုတိယနှင့် မြန်မာအသင်းက တတိယဆုများကို လည်းကောင်း၊ အမျိုးသားအလွတ်တန်း (၁၀)တက်လှော် မီတာ ၂၀၀၀ ပြိုင်ပွဲတွင် ရုရှားအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယနှင့် ယူကရိန်းအသင်းက တတိယဆုများကို လည်းကောင်း၊ အမျိုးသား/အမျိုးသမီး အလွတ်တန်း (၁၀)တက်လှော် မီတာ ၂၀၀၀ ပြိုင်ပွဲတွင် ဟန်ဂေရီအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယနှင့် စပိန်အသင်းက တတိယဆုများကို လည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့သည်။



၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၃ ရက်အထိ တရုတ်နိုင်ငံ ယွမ်လင်မြို့၌ အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲတွင် အာရှအဆင့် အင်အားကြီးနိုင်ငံများ အပါအဝင် အရှေ့တောင်အာရှအဆင့် နိုင်ငံများဖြစ်သော ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၄ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အနက် မြန်မာ့လက်ရွေးစင် လှေလှော်အသင်းသည် ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် နှစ်ခုတို့ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိထားပြီး ယခု တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပခဲ့သည့်(World Cup) ကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော် လက်ရည်စစ်ပြိုင်ပွဲတွင်လည်း ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် နှစ်ခုတို့ကို ထပ်မံဆွတ်ခူးရရှိခဲ့သည့်အတွက် မြန်မာ့လက်ရွေးစင်လှေလှော်အသင်းသည် စုစုပေါင်း ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် လေးခုဖြင့် မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များစွာကို ရယူပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

**တပ်မတော်မှ**

နေပြည်တော်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။



ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ပွဲစဉ်တစ်လျှောက်တစ်ဦးချင်း နေရာလိုက် အကောင်းဆုံးဆုများဖြစ်သည့် အကောင်းဆုံးကစားသမားဆု၊ အကောင်းဆုံး ဂိုးသမားဆု၊ ဂိုးသွင်းအများဆုံးဆုရရှိသူများနှင့် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသည့် အသင်းများ၊ အသန့်ရှင်းဆုံး အသင်းဆုရရှိသည့် အသင်းများအား တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တပ်မတော်(ရေ)မှ အရာရှိကြီး တစ်ဦးက ပထမဆု ဆွတ်ခူးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)ကိုယ်စားပြု အသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။



ဆက်လက်၍ ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းမှစတင်ပြီး ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀၀၀ ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀ ပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၈၀၀ ပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား တန်းမြင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အမျိုးသားလှံတံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော် အားကစားရုံ(A)၌ အမျိုးသား ခတပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများ အပြီးတွင် ဆုပေးပွဲအခမ်းအနားကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယ ရရှိသည့် အားကစားသမားများအား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီး တစ်ဦးနှင့် တာဝန်ရှိသူများက ငွေသားဆုနှင့် တစ်ဦးချင်း ဆုများ အသီးသီး ပေးအပ်သည်။



ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော် အားကစားရုံ(B)၌ အမျိုးသား/ အမျိုးသမီး အုပ်စု ပတ်လည်ပွဲစဉ်များကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော် အားကစားရုံ(C)၌ အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲ (က)တန်း၊ အမျိုးသားဗန်တိုအတိုက်ပြိုင်ပွဲ (ခ)တန်း၊ အမျိုးသား ဓားနှစ်လက် အတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသား ဓားတစ်လက် အတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသား ဓားတစ်လက် အတိုက်ပြိုင်ပွဲ (က)တန်း၊ အမျိုးသား ပန်ကြပ်ဆီလပ် အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ဓားတစ်လက် အတိုက်ပြိုင်ပွဲများကို လည်းကောင်း၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ စံပယ်အားကစားရုံ၌ အလွတ်တန်း ၃ယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည် ပွဲစဉ်များကို လည်းကောင်း၊ (၅၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ် အားကစားခန်းမ၌ ၅၀ ကီလိုတန်း (က)အဆင့်၊ ၅၄ ကီလိုတန်းနှင့် ၇၁ ကီလိုတန်း အလွတ်တန်း အဆင့်၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြသည်။





အလားတူ ၂၀၂၆ ခုနှစ် (၆၃)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယ အဆင့်အုပ်စု ပတ်လည်ပွဲစဉ် အဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြ ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# နိုင်ငံတကာ အားကစား သတင်းများ

## ဘယ်လ်ဂျီယံအသင်းက တူရကီအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ



**ဘရပ်ဆဲလ် အောက်တိုဘာ ၃**

ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘယ်လ်ဂျီယံအသင်းနှင့် တူရကီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘယ်လ်ဂျီယံအသင်းက တူရကီအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘယ်လ်ဂျီယံအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၁၀ မိနစ်နှင့် မိနစ် ၆၀တွင် ဒီဘရိုင်း၊ ပွဲချိန် ၇၆ မိနစ်တွင် လူကာကူတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဘယ်လ်ဂျီယံအသင်းသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ် ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၆ ရက်တွင် ပြင်သစ်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(ဝဲပုံ)(NGB)**

## ဝီလ်စမောလ်ဘုန်းကို လက်စတာစီးတီးအသင်း ခေါ်ယူ



**လန်ဒန် အောက်တိုဘာ ၃**

လက်စတာစီးတီးအသင်းသည် ဆောက်သမ်တန်အသင်း ကွင်းလယ်ကစားသမား ဝီလ်စမောလ်ဘုန်းကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လက်စတာစီးတီးအသင်းတွင် ကျောနံပါတ် ၁၂ ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ဝီလ်စမောလ်ဘုန်းသည် ဆောက်သမ်တန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၉၀ ကစားပြီး ၉ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လက်စတာစီးတီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဝီလ်စမောလ်ဘုန်းအနေဖြင့် လက်စတာစီးတီးအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ)(NGB)**

## အိုဟွန်းဂျူးကို ခေါ်ယူရန် စပါးအသင်း စိတ်ဝင်စား

**လန်ဒန် အောက်တိုဘာ ၃**

စပါးအသင်းသည် ဘီဆစ်တပ်စ်အသင်း တိုက်စစ်မှူး အိုဟွန်းဂျူးကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘီဆစ်တပ်စ်အသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉ ပွဲကစားပြီး ၉ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။



အိုဟွန်းဂျူးကိုယ်တိုင်ကလည်း ပရီမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် စပါးအသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘီဆစ်တပ်စ်အသင်းထံမှ အိုဟွန်းဂျူးကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ)(NGB)**

## စက်တင်ဘာလအတွက် စီးရီးအေ အကောင်းဆုံးကစားသမားဆုကို မာလန် ဆွတ်ခူး

**တူရင် အောက်တိုဘာ ၃**

စီးရီးအေမှ လစဉ် လတိုင်း ပေးအပ်ချီးမြှင့်လျက်ရှိသည့် စက်တင်ဘာလအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ရိုးမားအသင်းတိုက်စစ်မှူး မာလန်က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ရိုးမားအသင်းနှင့်အတူ စီးရီးအေပွဲစဉ် ၃ ပွဲကစားပြီး ၁ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

တိုက်စစ်မှူး မာလန်သည် ရိုးမားအသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၆ ပွဲကစားကာ ၁၂ ဂိုး သွင်းယူထားသည်။

အသက်(၂၇)နှစ်အရွယ်ရှိ မာလန်က "ကျွန်တော် အခုလို တစ်လတာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို တစ်ဦးချင်းဆုတွေအပြင် အသင်းနဲ့အတူ ဆုဖလားတွေလည်း ရယူသွားမှာပါ" ဟု ပြောသည်။ **(NGB)**



## 2026 Jingshan Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်သို့ Alexandra Shubladze တက်ရောက်

**ပေကျင်း အောက်တိုဘာ ၃**

တရုတ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Jingshan Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ရုရှားတင်းနစ်မယ် Alexandra Shubladze တက်ရောက်ခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်မယ် Alexandra Shubladze သည် 2026 Jingshan Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အိမ်ရှင်တရုတ်တင်းနစ်မယ် wei sijia အား ၆-၇၊ ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Jingshan Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် Alexandra Shubladze နှင့် ဩစတြေးလျတင်းနစ်မယ် Emerson-Jones တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**

0-0-0-0-0-0-0



## ဘောလုံးသတင်း အတိုအထွာများ

* အာဂျင်တီးနား နာမည်ကျော် ဘောလုံးသမား မက်ဆီသည် စပိန်လာလီဂါ(၂) ပြိုင်ပွဲဝင် ဒုတိယတန်းကလပ် အယ်ဒန်ဆီအသင်းကို ဝယ်ယူခဲ့သည်။
* အက်သလက်တီကိုမက်ဒရစ်အသင်းသည် ရေဗားပလိတ်အသင်း ဂိုးသမား ဆန့်တီယာဂိုဘယ်လ်ထရန်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ **(NGB)**

## နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၄-၁၀-၂၀၂၆ ညနေ ၆း၃၀ နာရီ | ကာဇက်စတန် - လက်တန်ဒ် |
| ၄-၁၀-၂၀၂၆ ည ၇း၃၀ နာရီ | ဆီနီဂေါ - ကိုရီရို |
| ၅-၁၀-၂၀၂၆ နံနက် ၀၀း၃၀ နာရီ | အီဂျစ် - တောင်အာဖရိက |
| ။ | မော်ရိုကို - မာလီ |
| ၅-၁၀-၂၀၂၆ နံနက် ၀၅း၀၀ နာရီ | ဘိုလီဗီးယား - ဂမ်ဘီယာ |

## ယူအီးအက်ဖ်အေနေးရှင်းလိဂ်(အုပ်စုအဆင့်ပွဲစဉ်များ) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၄-၁၀-၂၀၂၆ ည ၇း၃၀ နာရီ | အဇာဘိုင်ဂျန် - လစ်သူယေးနီးယား |
| ၄-၁၀-၂၀၂၆ ည ၁၀း၃၀ နာရီ | ကိုဆိုဗို - ဩစတြီးယား |
| ။ | မော်လ်တာ - အန်ဒိုရာ |
| ၅-၁၀-၂၀၂၆ နံနက် ၀၁း၁၅ နာရီ | ဂရိ - ဂျာမနီ |
| ။ | နယ်သာလန် - ဘားဘီးယား |
| ။ | ပေါ်တူဂီ - နော်ဝေ |
| ။ | ဝေလ် - ဒိန်းမတ် |
| ။ | အိုင်ယာလန် - အစ္စရေး |

## တီဇိုလစ် တံကောက်ကြောဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ



**လန်ဒန် အောက်တိုဘာ ၃**

ဂရိလက်ရွေးစင်အသင်းနှင့် အာဆင်နယ်အသင်း တောင်ပံကစားသမား တီဇိုလစ်တံကောက်ကြောဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တောင်ပံကစားသမားသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ဂရိလက်ရွေးစင်အသင်းနှင့် နယ်သာလန်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ ခြင်းဖြစ်သည်။

တီဇိုလစ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဂရိလက်ရွေးစင်အသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် အာဆင်နယ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တီဇိုလစ်သည် ဂရိလက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၀ မှ ၂၀၂၆ ခုနှစ်အထိ ပြိုင်ပွဲ ၃၆ ပွဲကစားကာ ၁၀ ဂိုးထိ သွင်းယူထားသလို၊ အာဆင်နယ်အသင်းနှင့်လည်း ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၈ ပွဲ ကစားပြီး ခြေစွမ်းပြထားသည်။

**(အပေါ်ဝဲပုံ)(NGB)**

## ခရီပင်ဒိုင်ယာတာကို တစ်နှစ်စာချုပ်ဖြင့် ဝက်ဖို့ဒ်အသင်း ခေါ်ယူ



**လန်ဒန် အောက်တိုဘာ ၃**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ်ဝက်ဖို့ဒ်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော တောင်ပံကစားသမား ခရီပင်ဒိုင်ယာတာကို တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ကလပ်ဘရူဂေး၊ မိုနာကို စသည့်ကလပ်အသင်းများတွင်ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဝက်ဖို့ဒ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ခရီပင်ဒိုင်ယာတာက "ကျွန်တော် ဝက်ဖို့ဒ်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်း အောင်မြင်တိုးတက်ဖို့အတွက် အစွမ်းကုန် ပေးဆပ်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(ဝဲပုံ)(NGB)**

0-0-0-0-0-0-0

# ပြည်ကြီးတံခွန်မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**မန္တလေး အောက်တိုဘာ ၃**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ ဝေဿလီကျောင်းတိုက်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ နယ်လှည့်ဆေးကုသရေး အဖွဲ့က သွားရောက်၍ အဆိုပါကျောင်းတိုက်ရှိ ဓမ္မဝိဇ္ဇာဗိမာန်တော်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က သံဃာတော် ၈၃ ပါး၊ သီလရှင် ၂၇ ပါး၊ ဒေသခံပြည်သူ ၆၁ ဦး၊ စုစုပေါင်း ၁၇၁ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (၀၃၈)





# သမ္ဗျုလဂူဘုရားအတွင်း လက်ရာမြောက်စွာ ရေးဆွဲထားသည့် ပုဒ္ဓဝင်ဇာတ်ကွက်များ၊ ငါးရာ့ငါးဆယ်ဇာတ်ကွက်များနှင့် မင်စာ စာတန်းများကို လေ့လာနိုင်

**ညောင်ဦး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ခရီးသွားဘုရားဖူး လေ့လာရေးရောက်ရှိခဲ့ပါက သမ္ဗျုလဂူဘုရားအတွင်းရှိ မုခ်လေးမုခ်မှ ထိုင်တော်မူဗုဒ္ဓဆင်းတုတော်များကိုဖူးမြော်ပြီး လိုဏ်နံရံများနှင့် မျက်နှာကြက်အပြည့် ရေးဆွဲထားသည့် ဗုဒ္ဓဝင်ဇာတ်ကွက်များ၊ ငါးရာ့ငါးဆယ်ဇာတ်ကွက်များနှင့် မင်စာ စာတန်းများ၊ လက်ရေးလှပစွာ ရေးထိုးထားသည့် ပုဂံခေတ်မင်စာများကို လေ့လာနိုင်သည်။

သမ္ဗျုလဂူဘုရားအတွင်း တွေ့ရှိရသော ကျောက်စာမှတ်တမ်းများအရ ခရစ်နှစ် ၁၂၅၅ ခုနှစ်တွင် ဥဇနမင်းကြီး၏ မိဖုရား သမ္ဗျုလ၏ ကောင်းမှုတော်ဂူဘုရားဖြစ်ကြောင်း၊ ပန္နက်ပုံစံမှာ လေးထောင့်စပ်စပ်ရှိပြီး အရှေ့မုခ်လှည့် အာရုံခံပုံစံတည်ဆောက်ထားသည်ကို လေ့လာတွေ့ရှိနိုင်သည်။ ဗဟိုမဏ္ဍိုင်ကို လိုဏ်ပတ်စင်္ကြံဖြင့် တည်ဆောက်ထားပြီး အလယ်မဏ္ဍိုင်မှာ အထက်ကွမ်းထောင်ကို ထောက်ခံအားပြုစေသည့် ပုံစံဖြင့်တည်ဆောက်ထားသည်ကို လေ့လာတွေ့ရှိနိုင်သည်။ ဂူဘုရားကြီး နံရံများနှင့် အမိုးပေါင်းကူးများ၊ မျက်နှာကြက်များတွင် လက်ရာမြောက်စွာ ရေးဆွဲထားသော ဗုဒ္ဓဝင်ဇာတ်ကွက်များ၊ ငါးရာ့ငါးဆယ်ဇာတ်ကွက်များတွင် မင်စာ စာတန်းများဖြင့် တင့်တယ်စွာ ရေးခြယ်ထားသည်။

အင်္ဂတေလက်ရာများမှာ အနုစိတ်ပြီး ထူးခြားကောင်းမွန်လှသည်ကို လေ့လာတွေ့ရှိနိုင်သည်။ အတွင်းနံရံရှိ ပန်းချီလက်ရာများတွင် လူကိုယ်နှင့် ၄က်မျက်နှာရှိသော ကိန္နရီ၊ ကိန္နရာ ပန်းချီကား လက်ရာများကို လေ့လာနိုင်သည်။

သမ္ဗျုလဂူဘုရားကြီးတည်ဆောက်ပုံ ဗိသုကာလက်ရာမှာ ထူးခြားကောင်းမွန်လှပြီး လိုဏ်အတွင်း လေဝင်၊ လေထွက်စနစ်၊ အလင်းဝင်စနစ်များ ပေါင်းစပ်တည်ဆောက်ထားရှိမှုနှင့် ဘုရားပတ်လည် မဟာရံတံတိုင်းကြီး တည်ဆောက်ထားမှုမှာလည်း ထုထည်ကြီးမားခံ့ညားသည်ကို မျက်ဝါးထင်ထင် လေ့လာနိုင်သည်။

သမ္ဗျုလဂူဘုရားမြောက်ဘက်တွင် ရှင်အဓ္ဓဂေါဏဘုရား၊ မောင်ရိုးဂူဘုရား၊ ဝိနည်းမိုလ်ဘုရားစု၊ အနောက်မြောက်ဘက်တွင် မလုံးဖြစ်ဘုရား၊ မလာဖြစ်ဘုရား၊ သိဃ်သူ့သမီးကျောက်စာ၊ အနောက်ဘက်နှင့် အနောက်တောင်ဘက်တွင် ဘုရားသုံးဆူ၊ နရသီဟပတေ့ဘုရား၊ စောလဝန်းဘုရား၊ လေးမျက်နှာဆုတောင်းပြည့်ဘုရား၊ မင်းနန်သူရှုခင်းကြည့်တောင်ကုန်းနှင့် မင်းနန်သူလေးထောင့်ကန်တို့ကိုလည်း တစ်ဆက်တစ်စပ်တည်း လေ့လာနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)** (၄၈၁)

**ဥတုရာသီ တောကိုမှီ၏။**

# ဒေါင့်ကြီးကွေ့ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

**စဥ့်ကိုင် အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဒေါင့်ကြီးကွေ့ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့်အတူ ဒေါင့်ကြီးကွေ့ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာတွင်း ကွန်ကရစ်လမ်းအား လုပ်ငန်းအရည်အသွေး ပြည့်မီရန်နှင့် အချိန်မီ ပြီးစီးအောင်ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါဒေါင့်ကြီးကွေ့ကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည် ပေ ၃၄၀ အား အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၅ သန်း ရန်ပုံငွေကျပ်သန်း ၂၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဩဂုတ် ၃၁ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး အဆိုပါလမ်းပြီးစီးသွားပါက လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ဒေသထွက်ကုန်သီးနှံများကိုလည်း ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချသွားနိုင်မည်ဖြစ်သည်။ (၄၄၅)



# မန္တလေးတွင် Jewelry ဆိုင်ပေါင်း ၄၀ ကျော် ပါဝင်မည့် ကျောက်မျက်ရတနာပြပွဲ ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးမြို့တွင် Jewelry ဆိုင်ပေါင်း ၄၀ ကျော် ပါဝင်ပြသမည့် Sparkle Network Gems & Jewelry Exhibition ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြပွဲတွင် ရတနာဒီဇိုင်းမျိုးစုံကို တစ်နေရာတည်း၌ လေ့လာကြည့်ရှုနိုင်မည့်အပြင် ရတနာဆိုင်ပိုင်ရှင်များအနေဖြင့် လုပ်ငန်းမိတ်ဖက်များနှင့် တွေ့ဆုံနိုင်မည့် အခွင့်အရေးများလည်း ရရှိမည် ဖြစ်သည်။

Sparkle Network Gems & Jewelry Exhibition ကို အောက်တိုဘာ ၂၃ ရက်နှင့် ၂၄ ရက် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ မန္တလေး၊ ၅၃လမ်းနှင့်၃၂လမ်း ထောင့်ရှိ Ceremon Square တွင် ကျင်းပမည်ဖြစ်သည်။

ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ၀၉-၇၆၄ ၃၃၃ ၃၆၂ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

# ခွေးများအား သားကြောဖြတ်ပေးခြင်း၊ ကင်ဆာဆေးသွင်းပေးခြင်းနှင့် အရေပြားအနာကုသပေး

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် LET'S SAVE THE STRAYS-MYANMAR တို့ ပူးပေါင်း၍ ခွေးလေခွေးလွင့်များနှင့် ပိုင်ရှင်ရှိ ခွေးများအား သားကြောဖြတ်ပေးခြင်း၊ ကင်ဆာဆေးသွင်းပေးခြင်းနှင့် အရေပြားအနာကုသပေးခြင်းကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ သိရိမာလာအနောက်ရပ်ကွက်၊ အကွက် (၂၂၀)၊ မရမ်းခြံရပ်၊ ရေကင်းအမှတ်(၁)တွင် ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါလုပ်ငန်းများဆောင်ရွက်ရာသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန ဌာနမှူး ဦးမောင်မောင်မြင့်နှင့် တာဝန်ရှိသူများ၊ LET'S SAVE THE STRAYS-MYANMAR မှ တည်ထောင်သူအဖွဲ့ဥက္ကဋ္ဌ၊ တိရစ္ဆာန်ခွဲစိတ်ဆရာဝန် ဒေါက်တာအိမ့်မှူးသော်နှင့်အဖွဲ့ဝင်များ၊ တိချစ်သူများ၊ တိပိုင်ရှင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ **(ဝဲပုံ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် LET'S SAVE THE STRAYS-MYANMAR အဖွဲ့နှင့်ပူးပေါင်း၍ ခွေးလေခွေးလွင့် လျော့ပါးစေရေး၊ ခွေးရူးပြန်ရောဂါကြိုတင်ကာကွယ်တားဆီးရေး၊ ခွေးများတွင် ဖြစ်ပွားတတ်သည့်ရောဂါကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ အဆိုပါနေရာတွင် ခွေးသားကြောဖြတ်ပေးခြင်း၊ ခွေးရူးပြန်ကာကွယ်ဆေးထိုးပေးခြင်း၊ ကင်ဆာဆေးသွင်းပေးခြင်း၊ အရေပြားအနာကုသပေးခြင်းနှင့် သန်ချဆေးတိုက်ကျွေးခြင်းတို့ကို အကောင်ရေ ၂၀၀ အတွက် အောက်တိုဘာ ၂ ရက်မှ ၄ ရက်အထိ ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀



## မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး ဝန်ထမ်းဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးသင်တန်း(၁/၂၀၂၆) ဖွင့်လှစ်

**မန္တလေး အောက်တိုဘာ ၃**

မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး ဝန်ထမ်းဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးသင်တန်း(၁/၂၀၂၆) ဖွင့်ပွဲကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက မဟာမုနိဘုရားကြီး ဗုဒ္ဓဝင်ခန်းမဆောင်တွင် ကျင်းပခဲ့သည်။

အဆိုပါသင်တန်းကို မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဂေါပကအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကျင်းပခြင်းဖြစ်ပြီး မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ရုံး ဌာနအသီးသီးမှ ဝန်ထမ်းများအား မဟာမုနိဘုရားကြီး၏ သမိုင်းအား သိရှိစေရန်၊ ရုံးလုပ်ငန်းများ တတ်ကျွမ်းနားလည်စေရန်၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများသိရှိစေရန်၊ ဘာသာသာသနာတော်အား စောင့်ရှောက်သူဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သင်တန်းဖွင့်ပွဲတွင် မဟာမုနိဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝင်များနှင့် ဝန်ထမ်း ၅၀ ဦး စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြသည်။

ထိုသင်တန်းကို အောက်တိုဘာ ၂ ရက်မှ ၉ ရက်ထိ နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ သင်ကြားပို့ချသွားမည်ဖြစ်ရာ သင်တန်းတွင် မဟာမုနိဘုရားကြီး၏ သမိုင်းကြောင်းနှင့်သိမှတ်ဖွယ်ရာများ၊ ရုံးလုပ်ငန်းဆိုင်ရာများ၊ နိုင်ငံ့ဝန်ထမ်းနှင့်နည်းဥပဒေများ၊ လုံခြုံရေး၊ ရှေးဦးသူနာပြုစုခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာတုံ့ပြန်ဆောင်ရွက်ရေး၊ လူမှုဆက်ဆံရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်တန်းဆရာများမှ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၅)

## ပခုက္ကူကြက်သွန်ဈေး တစ်ပိဿာငွေကျပ် ၈၅၀၀အထိမြင့်၊ မန္တလေးဈေးကွက်တွင်လည်း ဈေးမြင့်တက်နေ

**မန္တလေး အောက်တိုဘာ ၃**

ပခုက္ကူကြက်သွန်ဈေးကွက်တွင် ကုန်ဝင်ရောက်မှု နည်းပါးလာပြီး အောက်တိုဘာ ၁ ရက်က ကြက်သွန်နီအကြီး တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ မှ ၈၅၀၀ အထိ ဈေးပေါက်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ပခုက္ကူဈေးကွက်သို့ ကြက်သွန်နီ ပိဿာချိန် ၃၀၀၀ အောက်သာ ဝင်ရောက်ခဲ့ပြီး အရွယ်အစားအလိုက် အသေးတစ်ပိဿာငွေကျပ် ၆၈၀၀မှ ၇၂၀၀၊ အလတ်ငွေကျပ် ၇၃၀၀ မှ ၇၉၀၀ နှင့် အကြီး ငွေကျပ် ၈၀၀၀ မှ ၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ကုန်ဝင်ရောက်မှုနည်းပါးသဖြင့် လှောင်ကုန်များကို ထုတ်ရောင်းနေရပြီး လက်လီဈေးကွက်တွင် ကြက်သွန်နီအကြီး တစ်ပိဿာ ငွေကျပ် ၁၀၀၀၀ ဝန်းကျင်အထိ ရောက်ရှိလာသည်။

"ကုန်ဝင်ကတော့ ပိဿာချိန်ထောင်ဂဏန်းပဲရှိတော့တယ်။ တောင်သူရော၊ ကုန်သည်ရောဆီမှာ ကြက်သွန်လက်ကျန်ရယ်လို့ မရှိသလောက်ဘဲ။ မိုးကြက်သွန်သစ် မပေါ်မချင်း ဈေးအမြင့်ပဲသွားနေမှာပါ"ဟု ပခုက္ကူမြို့မှ ကြက်သွန်ရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးက ပြောသည်။

မန္တလေးဈေးကွက်တွင်လည်း စက်တင်ဘာလ ဒုတိယပတ်အတွင်း ကြက်သွန်နီ တစ်ပိဿာလျှင် အရွယ်အစားအလိုက် ငွေကျပ် ၅၅၀၀ မှ ၇၀၀၀အထိ ဈေးပေါက်ခဲ့ပြီး ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုနည်းပါးခြင်းကြောင့် ဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း မန္တလေးတိုင်းစားသုံးသူရေးရာဦးစီးဌာန၏ အချက်အလက်များအရ သိရသည်။



ပခုက္ကူသည် မန္တလေးဈေးကွက်သို့ ကြက်သွန်နီ ဝင်ရောက်သည့် အဓိကဒေသများအနက် တစ်ခုဖြစ်သဖြင့် ပခုက္ကူဘက်တွင် ကုန်ဝင်ရောက်မှုနည်းပါးခြင်းနှင့် လက်ကျန် နည်းပါးခြင်းတို့သည် မန္တလေးဈေးကွက်အပေါ်လည်း သက်ရောက်မှုရှိနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

**ရွှေမန်း**

## ရောဝတီ-ယန်ဇီ ရိုးရာယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးပွဲတော် နိုဝင်ဘာ ၁ရက်မှ ၃ရက်အထိ ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၃**

မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ရိုးရာယဉ်ကျေးမှုဖလှယ်မှုများ ပိုမိုခိုင်မာစေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန် ရည်ရွယ်၍ "ဧရာဝတီ-ယန်ဇီ ရိုးရာယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးပွဲတော်"ကို နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ မန္တလေးမြို့ရှိ Mandalay Convention Center (MCC) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးအခွင့်အလမ်းများ တိုးတက်ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ နိုင်ငံတကာသံရုံးများ၊ ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်မည့် B2B Matching အစီအစဉ်များ၊ စီးပွားရေးပညာရှင်များ ပါဝင်ဆွေးနွေးမည့် Panel Discussion များနှင့် MoU လက်မှတ်ရေးထိုးပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် တရုတ်ရိုးရာယဉ်ကျေးမှုများကို လေ့လာနိုင်ရန် ရိုးရာပြိုင်ပွဲများနှင့် ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်ကို မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)၊ ရုံးခွဲ(မန္တလေး)က အဓိကကြီးမှူးကျင်းပမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MRYEA)၊ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဗဟို) မန္တလေးရုံးခွဲ၊ နိုင်ငံတကာသံရုံးများ၊ ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ကြမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် စီးပွားရေးအခွင့်အလမ်းများနှင့် နှစ်နိုင်ငံရိုးရာယဉ်ကျေးမှုများကို တစ်နေရာတည်းတွင် လေ့လာနိုင်မည်ဖြစ်သဖြင့် မန္တလေးမြို့သူ၊ မြို့သားများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

## ရဲမွန်တောင်ရပ်ကွက် ၃၈လမ်း၊ မြို့ပတ်လမ်းနှင့်၅၉လမ်းကြား လမ်းခင်းခြင်းလုပ်ငန်း အခြေခံလွှာ ၁၀၀ ရာခိုင်နှုန်းပြီးစီး၊ နိုင်လွန်ကတ္တရာ ၇၀ ရာခိုင်နှုန်းပြီးစီး

**မန္တလေး အောက်တိုဘာ ၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၈လမ်း၊ မြို့ပတ်လမ်းနှင့် ၅၉ လမ်းကြားရှိ လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွင် အခြေခံလွှာခင်းခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးသွားပြီဖြစ်ပြီး နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းမှာ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အဆိုပါလမ်းပိုင်းမှာ အလျား ၄၂၇၈ ပေ၊ အနံ ၃၀ ပေရှိပြီး လမ်းအရည်အသွေးကောင်းမွန်လာစေရန် အခြေခံလွှာခင်းခြင်းလုပ်ငန်းတွင်မြေညှိခြင်း၊ မြေပျော့များဖယ်ရှားခြင်း၊ ကျောက်ပျက်ထည့် အမာခံရရှိရန်ကြိတ်သိပ်ခြင်း၊ ၂"×၄" ကျောက်၊ ၁"× ၂" ကျောက်များဆောဖြင့် လမ်းလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်။ ထို့နောက် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းခင်းလုပ်ငန်းကို ၂၀၂၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး မြေသားအနေအထားကောင်းမွန်စေရန် မြေညှိခြင်းနှင့် မြေရှင်းခြင်းလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်ခဲ့ကာ လမ်းဘေးချဲ့ထွင်ခြင်း၊ အခြေခံလွှာခင်းခြင်းနှင့် လမ်းလုပ်ငန်းများကိုလည်း အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ယခုအခါ အခြေခံလွှာခင်းခြင်းလုပ်ငန်းမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီဖြစ်သည်။

အောက်တိုဘာ ၂ ရက်တွင် အခြေခံလမ်းခင်းလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်ပြီး ကျန်ရှိနေသည့် နိုင်လွန်ကတ္တရာခင်းခြင်းနှင့် လမ်းမျက်နှာပြင် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကာ လက်ရှိတွင် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနအနေဖြင့် မြို့တွင်းလမ်းများ အရည်အသွေးကောင်းမွန်စေရေး၊ ယာဉ်အသွားအလာ အဆင်ပြေချောမွေ့စေရေးနှင့် လမ်းများ ရေရှည်အသုံးပြုနိုင်ရေးတို့အတွက် လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**ကျော်ဇေယျ(မန္တလေးနေ့စဉ်)**





## အမြန်လမ်းအချို့တွင် မြူထူတတ်သဖြင့် ယာဉ်များ အရှိန်လျှော့မောင်းရန် သတိပေး

**မန္တလေး အောက်တိုဘာ ၃**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ လမ်းပိုင်းအချို့တွင် နှစ်စဉ် အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ မြူထူ၊ မြူများဖြစ်ပေါ်လေ့ရှိသဖြင့် ယာဉ်မောင်းများအနေဖြင့် အရှိန်လျှော့၍ ဂရုပြုမောင်းနှင်ရန် အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့က သတိပေးထားသည်။

မြူထူတတ်သည့် လမ်းပိုင်းများမှာ ရန်ကုန်တိုင်းအတွင်း ၅ နေရာ၊ ပဲခူးတိုင်းအတွင်း ၁၃ နေရာ၊ နေပြည်တော်အတွင်း ၅ နေရာနှင့် မန္တလေးတိုင်းအတွင်း ၅ နေရာ စုစုပေါင်း ၂၈ နေရာရှိသည်။

မြူထူသည့် နေရာများ မရောက်မီ အဝါရောင်ခံပေါ်တွင် မြူထဲဝင်နေသည့်ကားပုံပါ လမ်းညွှန်အမှတ်အသားများ စိုက်ထူထားပြီး "ရှေ့တွင် မြူကျတတ်သည့်နေရာရှိသည်"ဆိုင်းဘုတ်တွေ့ပါက မြင်ကွင်းအကန့်အသတ်ရှိနိုင်သဖြင့် ယာဉ်မောင်းများအနေဖြင့် အရှိန်လျှော့မောင်းနှင်ပြီး Fog Light နှင့် လိုအပ်ပါက ရှေ့မီးများဖွင့်၍ သတိပြု မောင်းနှင်ကြရန် သတိပေးထားသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀-၀-၀

# ရှေးရှေးက အချိန်နာရီကို ဘယ်လိုတီးခတ်ကြသလဲ

မြန်မာလူမျိုးများသည် ယခုလိုတိကျသည့် စက်နာရီများမပေါ်မီက အချိန်ကို ဘယ်လိုသတ်မှတ်ခဲ့ကြသလဲဟု တွေးစရာဖြစ်ကြရသည်။ ရှေးမြန်မာမင်းများလက်ထက် အထူးသဖြင့် မန္တလေးမြို့သည် ရတနာပုံရွှေမြို့တော်ဖြစ်ခဲ့ရုံသာမက ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့သူများ ဖြစ်ကြပါသည်။ ပဟိုရ်စည်နှင့် ပဟိုရ်စင်ကို ခမ်းနားစွာတွေ့ရပြီး သူ့အကြောင်းကို ပြောမပြတတ်က ကိုယ့်မြို့ရဲ့ဂုဏ်ကို မြှင့်ရာ မရောက်တော့ပေ။ သိသလောက်ပြောပြပြီး ကိုယ်ကိုယ်တိုင်က ဗဟုသုတအဖြစ် သိထားသင့်ပေသည်။ သို့အတွက်ကြောင့် မန္တလေးရတနာပုံရွှေမြို့တော်သည် တော်ဝင်နန်းတော်၊ ကျုံး၊ပြာသာဒ်၊ တန်ဆောင်း၊ မှန်နန်းဆောင်တို့က မြို့ရဲ့ဂုဏ်ကို ဆောင်စေခဲ့ပါသည်။ အထူးသဖြင့် မန္တလေးနန်းတော် မှန်နန်းဆောင်၏ အရှေ့တောင်ထောင့်ရှိ အချိန်နာရီကို တီးခတ်ပေးခဲ့သည့် ပဟိုရ်စင်နှင့် ပဟိုရ်စည်ကလည်း စိတ်ဝင်စားဖွယ်တစ်ခုအဖြစ် ပါဝင်နေပါသည်။

ယခင်က ပဟိုရ်စည်တီးခတ်၍ နားထောင်ပြီး အချိန်ကို သိကြရသော်လည်း ပဟိုရ်စည်မရှိခင်က ဘယ်လိုမျိုး အချိန်ကို သတ်မှတ်ခဲ့ကြသလဲ။ ကြက်တွန်သံကို အဖော်ပြု၍လည်း သက်ငယ်အိပ်ချိန်၊ သက်ကြီးခေါင်းချချိန်ဟု စသည်ဖြင့် သတ်မှတ်ကြသည်ကို မှတ်သားရသည်။ ကျွန်တော်သိသော နာရီတွေက ရေနာရီ၊ နေနာရီ၊ သဲနာရီဟု စာမှာ တွေ့ဖူးခဲ့သည်။ ဘုရားရှင်လက်ထက်က လှည်းကုန်သည် ငါးရာတို့သည် ခရီးသွားလာရာဝယ် နေ၊ လ၊ ကြယ်၊ နက္ခတ်တို့ကို ကြည့်၍ ခရီးထွက်ကြသည်ဟု မှတ်သားရသည်။ လမထွက်ပါက ကြယ်ကို ကြည့်ကြသည်။ အထူးသဖြင့် မြန်မာဘုရင်များလက်ထက်က အချိန်နာရီ တီးခတ်ရသော ပဟိုရ်စည်သည် ရေနာရီကို အခြေခံထားသည်ဟု မှတ်သားရသည်။ ရေနာရီဆိုသည်မှာ စနစ်အတိုင်းအတွာဖြင့် ကျနစွာ စီမံပြုလုပ်ထားသော ဖလားကို ရေပေါ်တွင် တည်သောအခါ ထိုဖလားအပေါက်မှ ရေဖလားအတွင်း ရေပြည့်၍ တစ်ကြိမ်နှစ်လျှင် တစ်နာရီဟု သတ်မှတ်ခြင်းသာ ဖြစ်သည်။ ရေနာရီအရ နေ့နာရီ ၃၀၊ ညနာရီ ၃၀ ဖြင့် တစ်ရက်ကို နာရီ ၆၀ သတ်မှတ်သည်။

ရေနာရီ ၁ နာရီ၏ အချိန်ကာလကြာချိန်မှာ လူတို့၏ မျက်စိတစ်မှိတ်(သို့မဟုတ်)မျက်တောင် တစ်ခတ်ကာလသည် တစ်ခဏ၊ ဆယ်ခဏတာသည် တစ်လဟ၊ ဆယ်လဟသည် တစ်ခရာ၊ ဆယ်ခရာသည် တစ်ပြန်၊ ခြောက်ပြန်သည် တစ်ဗီဇနာ၊ ၁၅ ဗီဇနာသည် တစ်ပါဒ်၊ လေးပါဒ်သည် တစ်နာရီ ဖြစ်သည်။ နေ့နာရီ ၃၀၊ ညနာရီ ၃၀ သည် နေ့တာ၊ ညတာ တူသော၊ ညီသော တန်ခူးလနှင့် သီတင်းကျွတ်လတို့တွင်သာ ကိုက်ညီသည်။ ကဆုန်လရောက်သည်နှင့် နေ့ ၃၂ နာရီနှင့် ည ၂၈ နာရီသာ ရှိသည်။ ဤနည်းအတိုင်း အစဉ် နေ့ ၂ နာရီတိုး၍ ည ၂ နာရီစီ လျော့သွားသဖြင့် ဝါဆိုလတွင် နေ့ ၃၆ နာရီ နှင့် ည ၂၄ နာရီ ရှိသောကြောင့် ၎င်းလသည် နေ့တာအရှည်ဆုံးလဖြစ်ပြီး 'နေ့ကိုလို ဝါဆို' ဟု ဆိုရိုးပြုကြသည်ဟု မှတ်သားရသည်။

တစ်ဖန် ဝါခေါင်လမှစ၍ ည ၂ နာရီစီ တိုး၍ နေ့ ၂ နာရီ လျော့ပြန်သောအခါ ပြာသိုလသို့ ရောက်သော် ည ၃၆ နာရီ၊ နေ့ ၂၄ နာရီရှိ၍ ၎င်းလသည် ညတာအရှည်ဆုံးလဖြစ်သည်။ ထို့ကြောင့် 'နေ့ဝါဆို ညပြာသို' လတို့သည် အရှည်ကြာချိန် ဖြစ်ကြောင်း မှတ်သားရသည်။ ထို့နောက် တပို့တွဲလမှစ၍ ည ၂ နာရီ၊ နေ့ ၂ နာရီစီ တိုးသွားပြန်ရာ တန်ခူးလတွင် နေ့နှင့်ည ညီမျှနေပြန်ပါသည်။ ဤအဓိပ္ပာယ်ကို ကဝိလက္ခဏာသတ်ပုံကျမ်းတွင် သံပေါက်လင်္ကာဖြင့် အောက်ပါအတိုင်း စပ်ဆိုထားခဲ့ပါသည် -

ပတ်သာတံရှည် တီးသံမြည်
လက်ဆည်ကန် စာရေး (၁၆၀၀)
တစ်ဆယ်လောင်းရည် ထမ်းပိုးရည်
ယင်းသည်နာရီပေ (၁၆၀၀)
ဆယ့်နှစ်လသည် နေ့ကိုရည်
ညဥ့်သည် အကြွင်းဆေး (၁၆၀၂)

အဓိပ္ပာယ်မှာ ပထမသံပေါက်သည် ဆယ့်နှစ်လအတွက် တစ်လုံးကောက် အက္ခရာသင့် ဂဏန်းတစ်ဆယ့်နှစ်လုံးချရန် ဖြစ်သည်။ ဆိုလိုရင်းမှာ ပတ်-၅၊ သာ-၆၊ တံ-၇၊ ရှည်-၄၊ တီး-၇၊ သံ-၆၊ မြည်-၅၊ လက်-၄၊ ဆည်-၃၊ ကန်-၂၊ စာ-၃၊ ရေး-၄ ဟု တန်ခူးလမှ တပေါင်းလအထိ ချရေးကာ ဂဏန်းကို တွဲရေးရမည်။ နောက်သံပေါက်နှစ်ခု၏ အဓိပ္ပာယ်မှာ အဆိုပါဂဏန်းများတွင် တစ်ဆယ်စီ ပေါင်းပြီးလျှင် တစ်ဖန် ထမ်းပိုး(တစ်ဆ) တိုး၍ရသော ဂဏန်းသည် တန်ခူးလမှစ၍ ရေတွက်အပ်သော တစ်ဆယ့်နှစ်လတို့၏ နေ့၊ ည နာရီ ဖြစ်သည်။ ညနာရီမှာ နေ့၊ ည နာရီ ၆၀မှ နေ့နာရီကို နုတ်လျှင် ညနာရီ ရသည်။ ဥပမာ-နယုန်လ၏ နေ့နာရီ၊ ညနာရီများကို သိလိုလျှင် တန်ခူးလမှစ၍ ရေတွက်လျှင် နယုန်လသည် သုံးခုမြောက်ဖြစ်၍ သံပေါက်အရ တံအက္ခရာသည် ၇+တစ်ဆယ်တိုး= ၁၇ ၎င်းကို ထမ်းပိုးတင်(တစ်ဆတိုး) ၃၄ ရသည်။ ထို့ကြောင့် နယုန်လသည် နေ့နာရီ ၃၄ နာရီရှိ၍ ညနာရီ ၂၆ နာရီ ဖြစ်သည်။ ဤနည်းအတိုင်း ကျန်သောလများကို တွက်ချက်၍ ရှာယူနိုင်ပါသည်။

ဆက်လက်၍ ထိုနာရီများ တီးပုံကို ဖော်ပြပါမည်။ မြန်မာဘုရင်များလက်ထက်အခါက ပဟိုရ်စည်ကို နေ့ လေးကြိမ်၊ ည လေးကြိမ်၊ စုစုပေါင်း တစ်ရက် ရှစ်ကြိမ်တီးသည်။ နေ့နှင့်ညီမျှသော တန်ခူးလတွင် နံနက် နေထွက်သည်မှစ၍ ရေနာရီ ၁ နာရီလျှင် မောင်းတစ်ချက်၊ ၂ နာရီလျှင် နှစ်ချက်၊ အစဉ်တိုင်း တီးသွားပြီး၊ ၇ မောင်းကျော်လျှင် ၇ နာရီ ၂ ပါဒ်(သို့မဟုတ်)၇ နာရီခွဲသောအခါ ခေါင်းလောင်းသံ ၁၁ ချက်၊ စည်သံ ၁၁ ချက် တီးရသည်။ ဤကဲ့သို့ စည်သံ ၁၁ ချက်၊ ခေါင်းလောင်းသံ ၁၁ ချက် တီးသည်ကို နေ့တစ်ချက်တီးဟု ခေါ်သည်။ ထိုတစ်ချက်တီးချိန်သည် စက်နာရီ နံနက် ၉ နာရီ အချိန်နှင့် ညီမျှသည်။ တစ်ချက်တီးပြီးနောက် အစဉ်အတိုင်း ရေနာရီ ၁ နာရီကို မောင်းတစ်ချက် တီးပြန်သည်။

ထိုအချိန်ကို တစ်ချက် တီးကျော် ၁ နာရီဟု မခေါ်ဘဲ တစ်ချက်တီးကျော် တစ်မောင်းဟု ခေါ်ကြသည်။ ထို့နောက် အချိန် ၇ နာရီ ၂ ပါဒ်ရှိသော ခေါင်းလောင်းနှင့် စည် ၂၂ ချက်တီးသည်။ ၎င်းကို နှစ်ချက်တီးအချိန်ဟု ခေါ်သည်။ စက်နာရီ မွန်းတည့် ၁၂ နာရီနှင့် ညီမျှသည်။ ထို့နောက် ၇ နာရီ ၂ ပါဒ် ရှိပြန်သောအခါ ခေါင်းလောင်းနှင့် စည် ၃၃ ချက် တီးသည်။ ၎င်းကို သုံးချက်တီးဟုခေါ်သည်။ စက်နာရီ ညနေ ၃ နာရီနှင့် ညီမျှသည်။ ထို့နောက် ၇ နာရီ ၂ ပါဒ် ရှိပြန်သောအခါ ခေါင်းလောင်းနှင့် စည် ၄၄ ချက်တီးသည်။ ၎င်းကို လေးချက်တီးဟု ခေါ်ပြီး ညနေ ၆ နာရီနှင့် ညီမျှသည်။ ညပဟိုရ်တီးပုံမှာလည်း ဤနည်းအတိုင်းပင်ဖြစ်သည်။ ပဟိုရ်တီးပုံမှာ နေ့တာ၊ ညတာတိုသည်ဖြစ်စေ၊ ရှည်သည်ဖြစ်စေ နေ့နာရီကို လေးပိုင်း ပိုင်း၍ တစ်ပိုင်းသည် တစ်ပဟိုရ် ဖြစ်သည်။ ညသည်လည်း ဤအတိုင်းပင် ဖြစ်သည်။ ညတာ အတိုဆုံးအခါပင် ၆ နာရီ (သို့မဟုတ်) ၆ မောင်းတွင် တစ်ပဟိုရ်တီးသည်။ အရှည်ဆုံးအခါ ၉ နာရီ (သို့မဟုတ်) ၉ မောင်းတွင် တစ်ပဟိုရ်တီးသည်။ ဤကဲ့သို့ ညတာ၊ နေ့တာ အတို၊ အရှည်ကိုလိုက်၍ တီးရသော ပဟိုရ်ဖြစ်သောကြောင့် မည်သည့်လ၊ မည်သည့်အခါတွင်မဆို နေဝင်၊ နေထွက်၊ မွန်းတည့်၊ သန်းခေါင်အချိန်တို့မှာ အမြဲတူညီနေပါသည်။




ပဟိုရ်သံကို မကြားရသော အရပ်တို့မှာ နေ့အခါဖြစ်လျှင် နေထွက်စပြုချိန်၊ နေထန်းတစ်ဖျားခန့်အချိန်၊ နေမွန်းတည့်ချိန် စသည်ဖြင့် နေ့အချိန်ကို မှတ်သားသကဲ့သို့ ညအခါဖြစ်လျှင် နေဝင်ဖျိုးဖျအချိန်၊ သူငယ်တိတ်ဆိတ်အချိန်၊ သက်ကြီးခေါင်းချအချိန်၊ ညဦးကြက်တွန်ချိန်၊ သန်းခေါင်ကြက်တွန်ချိန်၊ လင်းအားကြီးကြက်ဦးတွန်ချိန် စသည်ဖြင့် မှတ်သားကြရပါသည်။ ထို့ကြောင့် ရှေးရှေးက ရပ်သေးသဘင်များတွင် ပဟိုရ်စည်ကို အကြောင်းပြုရင်း စာလင်္ကာကို တေးသွားအဖြစ် သီဆိုခဲ့ကြကြောင်း ရေးသားရင်း နိဂုံးချုပ်ပါရစေ။ ယခုလို ရေးသားခွင့်ရအောင် ကိုလိုနီခေတ် ဆဋ္ဌမတန်း မြန်မာဖတ်စာသင်ရိုးမှ တစ်ဆင့် ဆရာရန်နိုင်ဦး(နွားနက်ကွင်း)ကိုလည်း ဦးညွှတ်ဂုဏ်ပြုလျက် .....

ရွှေပဟိုစည်သံများကိုလ
မကြားရကြာချေပြီ လေးလရာသီ။
တိုင်း၌ာနီ၊ မဟုတ်ကယ်ပါပြီမို့၊
ကြက်သံကို ပဟိုရ်ပြုရတယ်
တောသူရွာမို့ ...... ဟု ရေးသားလိုက်ရပါသည်။

**အိုးဝေ(မြေနီကျင်း)**

## ရမည်းသင်းခရိုင် ကွပ်ကဲမှုအောက်ရှိ မြို့နယ်များမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး

ရမည်းသင်း အောက်တိုဘာ ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ကွပ်ကဲမှုအောက်ရှိ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို



စက်တင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်များတွင် သက်ဆိုင်ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်စွာ လည်ပတ်ဆောင်ရွက်နိုင်ရေး၊ အတိုး၊ အရင်းများ ပုံမှန်ပေးဆပ်ကာ ကြွေးကျန်မရှိစေရေး၊ နယ်မြေလုံခြုံမှုအားနည်းသည့် စီမံကိန်းကျေးရွာများတွင် ရန်ပုံငွေဆုံးရှုံးမှုမရှိစေရေး ဆပ်ထုတ်စနစ်ဖြင့် ဆောင်ရွက်နေမှုအခြေအနေများ၊ မိသားစုဝင်ငွေရလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ ဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများ၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများမှ စီမံကိန်းနှင့်ပတ်သက်၍ အဂတိကင်းရှင်းရေး၊ လူမှုကွန်ရက်စာမျက်နှာ Facebook , TikTok , Social Media များမှတစ်ဆင့် ငွေကြေးလိမ်လည်မှုများကို အများပြည်သူသိရှိပြီး အလိမ်မခံရစေရေး အသိပေးပြောကြားခဲ့သည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းကဏ္ဍများ ပြောင်းလဲဆောင်ရွက်နိုင်ရေး၊ ကုန်ထုတ်လုပ်မှု မြှင့်တင်နိုင်ရေး၊ MSME အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ ဦးစားပေးဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးကြပြီး ခရိုင်ဦးစီးမှူးက တက်ရောက်လာကြသော ကျေးရွာများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး၊ ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်များ မြစိမ်းရောင်စီမံကိန်းကျေးရွာ ၁၆၂ ရွာ၊ လုပ်ငန်းအဖွဲ့ဝင် စုစုပေါင်း ၂၁၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) အောင်ရဲကျော်

# Artist Pyae Aung ၏ ပထမဆုံး တစ်ကိုယ်တော်ပန်းချီပြပွဲ မန္တလေးတွင် ကျင်းပ

**မန္တလေး အောက်တိုဘာ ၃**

Artist Pyae Aung ၏ ပထမဆုံး တစ်ကိုယ်တော်ပန်းချီပြပွဲကို မန္တလေးမြို့ရှိ Mandalay Hill Art Gallery တွင် အောက်တိုဘာ ၃ရက်မှ ၅ ရက်အထိ ပြသလျက်ရှိသည်။

အဆိုပါ ပန်းချီပြပွဲတွင် မန္တလေးစာပေနှင့်ပန်းချီဆရာများ တက်ရောက်ကြပြီး မုဒိတာစကားများ ပြောကြားကြကာ ပန်းချီဆရာ Pyae Aung က တစ်ကိုယ်တော်ပြပွဲအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါပြပွဲတွင် Artist Pyae Aung ၏ ခံစားချက်များ၊ အတွေးအမြင်များနှင့် ဘဝအမှတ်တရများကို ပန်းချီလက်ရာများမှတစ်ဆင့် ထည့်သွင်းဖော်ပြထားပြီး လာရောက်ကြည့်ရှုသူများအနေဖြင့် အနုပညာလက်ရာများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။ **(အပေါ်ယာပုံ)**



အဆိုပါ ပြပွဲကို အောက်တိုဘာ ၃ ရက်မှစတင်ကာ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ သုံးရက်ကြာ ဖွင့်လှစ်ပြသမည်ဖြစ်ပြီး ပန်းချီကားပေါင်း ၂၆ ကားတွင် ပန်းချီအမျိုးအစားစုံလင်စွာရေးဆွဲထားရာ ပန်းချီကားတန်ဖိုး ငွေကျပ် သုံးသိန်းမှ ၂၅ သိန်းထိ ပါဝင်ပြသထားကြောင်း သိရသည်။

**ရွှေမန်း**

# စာဖတ်စွမ်းရည်နှင့် ကျပန်းစကားပြောပြိုင်ပွဲ စာအုပ်စာစောင်ပြပွဲ ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့တွင် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားရေး၊ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁ နာရီက ခရိုင်လူထုအခြေပြု ဗဟိုဌာနၥ္ဍ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ၊ စာအုပ်၊ စာစောင်ပြပွဲ ကျင်းပခဲ့သည်။



ရှေးဦးစွာ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာပေဖတ်သည့် အလေ့အကျင့်များ ရရှိလာစေရန်နှင့် စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရေး၊ စာကြည့်တိုက်နှင့်အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့် စိတ်များဖြစ်ပေါ်လာကာ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေရေး၊ စာဖတ်စွမ်းရည်နှင့် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက တိုးတက်သောလူတိုင်းသည် စာပေဖတ်ရှုသူများဖြစ်ကြောင်း၊ ဘက်စုံထူးချွန်စေရေး အားလပ်ချိန်များတွင် စာအုပ်၊ စာပေများဖတ်ရှုသွားကြရန် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပခဲ့ရာ အမှတ်(၁) အခြေခံပညာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်၊ စာစောင်များအား စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(ဓါတ်ပုံ)

**ထက်ထက်(ကျောက်ဆည်)**

# လူငယ်များအသိပညာဖွံ့ဖြိုးတိုးတက်ရေး လူငယ်စကားဝိုင်းကျင်းပ

**ပျော်ဘွယ် အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၌ ကျောင်းသားလူငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေး၊ လူငယ်အချင်းချင်း တစ်ဦးနှင့်တစ်ဦး အသိပညာဗဟုသုတများ ဖလှယ်တတ်စေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်း ကျင်းပခြင်းကို အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁ နာရီက အခြေခံပညာအထက်တန်းကျောင်းခွဲ(ရွှေပြည်ရန်နိုင်)တွင် ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက လူငယ်များအတွက် အသိပညာဗဟုသုတများ တိုးပွားလာစေရေး၊ စဉ်းစားတွေးခေါ်မှုမြင့်မားလာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းများကို ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Grade-9 ကျောင်းသားသုံးဦးနှင့် ကျောင်းသူနှစ်ဦးတို့က လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့် ကြိုးစားအားထုတ်မှုအကျိုးကျေးဇူး၊ လူငယ်နှင့်ဆိုရှယ်မီဒီယာသုံးစွဲမှု၊ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့် လောင်းကစားပြုလုပ်ခြင်း၏အန္တရာယ် ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ကျောင်းသား၊ ကျောင်းသူများ၏ ဆွေးနွေးမှုများအပေါ် ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ လူငယ်စကားဝိုင်းပြီးနောက် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားတဲ့ အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**






ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ရင်းမာပွင့်ကြ တော်သလင်းလ

\- - - - -

* တာရာထက် ဖျိုင်းခြံအုပ်လို့
ရာသီရုပ် သမီးကညာ
စောင့်ရှောက်လေတာ။

* သုံးဆယ်ရက် ပြည်စုံကာ
စိမ်းစိုဖြာ ကောင်းခြင်းထပ်။
နဂါးခေါင်းအရှေ့ဘက်ကိုကွယ့်
လှည့်လျက်နေအပ်။

* ပင်ယံထက် ပွင့်လွှာချပ်တို့
လှုပ်ယမ်းခတ် ရင်းမာရယ်
မွှန်းလှသွေးခြယ်။

* ကြာသပတေးနဲ့ စနေမယ်
တူဖလှယ် ရက်ရာဇာလေး။
ပြသဒါးနော် ဗုဒ္ဓဟူးရယ်နဲ့
သောကြာကျူးသေး။

* ပြဗ္ဗာဘဒြပိုဒ် နက္ခတ်သွေးမို့
ဓမ္မာတေး စည်စည်လျှံ
ချမ်းသာစေမှန်။

* သစ်ဆင်းပွဲ လေ့လော်သံ
ယှဉ်ပြိုင်ထန် ပျော်ရွှင်ရ။
ဝဋ္ဋာတစ်ခွင် ပုလဲမိုးရယ်
သွန်းဖြိုးရွာချ။

* ဂရုဓမ္မအခါတော်လမို့
ကောင်းမြတ်လှ သည်ချိန်ခါ
ဥပုသ်စောင့်ပါ။
သီလပွားလျက် ကုသိုလ်ဖြာ
ပြည့်စုံမှာ လူ့ကြငှန်း။
တည်ခန့်မှာ သဏ္ဍာန်တင့်ပါလို့
ချမ်းသာဆင့်လွှမ်း။ ။

**မင်းမြတ်မိုး(မန်းမြေ)**



# ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေလှူဒါန်း

**မန္တလေး အောက်တိုဘာ ၃**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ ကန်တော်ကြီးပတ်လမ်း ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး တွင် အလှူရှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တစ်နေ့တာဆွမ်းအလှူအတွက် ငွေကျပ် ရှစ်သိန်းငါးသောင်းကို ပေးအပ်လှူဒါန်းရာ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးနာယက ဂုဏ်ထူးဆောင် ပါမောက္ခဒေါက်တာ ဦးမိတ်၊ အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ သုမ္မမဏိဇောတရေ ဦးစိုးလင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆောက်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ သီဟသုမ္မမဏိဇောတရေ ဦးသန့်ဇင်နှင့် တာဝန်ရှိသူများမှ လက်ခံရယူခဲ့သည်။

အလှူရှင်များအနေဖြင့် မိမိစေတနာအလျောက် လှူဒါန်းလိုပါက ဆက်သွယ်ရန် ဖုန်း ၀၉-၄၀၂၆၆၃၂၄ သို့ တိုက်ရိုက် စုံစမ်းမေးမြန်း၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ကဆ)

၀-၀-၀-၀-၀

၀-၀-၀

သင့်သွေးဖြင့်
အသက်
ကယ်ပါ။



မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ရုံးသို့ အောက်တိုဘာ ၁ ရက်က မဟာမုနိဘုရားကြီး ကျောင်းတော်အပေါ်ရှိ ထုပိကာတော်တွင် ရွှေစင်ရွှေပြား အသစ်ကပ်လှူပူဇော်ရန်အတွက် အလှူရှင် ဦးဆန်းဦး၊ ဒေါ်ကြွေကြွေသန်း၊ (သား)မောင်ပြည့်ဖြိုးကျော်၊ မနန်းခင်၊ ဦးမောင်အောင်ဖြိုးကျော်၊ မောင်ဝေယံကျော်၊ မဆိုင်းမိုင်၊ (မြေး)ယွန်းနဒီ၊ ပြည့်မှူးရတီ၊ ခြူးဝတီခင်၊ ချစ်မှူးကေသီ မိသားစုက အလှူငွေကျပ် သိန်း၉၀ ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်စဉ်။ (၀၇၀)

## ရေနံချောင်းမြို့နယ်၌ ကုန်းတွင်းမုန်တိုင်းငယ်အရှိန်ကြောင့် ဘေးသင့်ခဲ့သည့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

**ရေနံချောင်း အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ ကုန်းတွင်းမုန်တိုင်းငယ်အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပွားကာ ရပ်ကွက်နှင့် ကျေးရွာအချို့တွင် နေအိမ်များပေါ်သို့ သစ်ပင်၊ သစ်ကိုင်းများ ကျိုးကျပြီး ထိခိုက်ပျက်စီးခဲ့သည့်အတွက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက အဆိုပါ ဘေးသင့်ပြည်သူများအား အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။




ထိုသို့ ထောက်ပံ့ရာတွင် နေအိမ်များထိခိုက်ပျက်စီးခဲ့သည့် ဘူးကျွန်းကျေးရွာမှ နေအိမ် ခုနစ်လုံး၊ ဖောင်းကတောကျေးရွာမှ နေအိမ်လေးလုံးနှင့် ဆုံတိုက်ရပ်ကွက်မှ နေအိမ်တစ်လုံး စုစုပေါင်း နေအိမ် ၁၂ လုံးတို့မှ ဘေးသင့်ပြည်သူ ၅၄ ဦးအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် ၆၀၀၀၀၀ နှင့် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၂၇၀၀၀၀ ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုမောင်နှင့် အဖွဲ့ဝင်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဘေးသင့်ပြည်သူများ လက်ဝယ်သို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ကိုစိုးကြီး(ပြန်/ဆက်)

## ချို့တဲ့နွမ်းပါးလူနာများအား ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့

**မန္တလေး အောက်တိုဘာ ၃**

မန္တလေး၊ ၆၂လမ်းရှိ အရိုးအထူးကုဆေးရုံကြီး(မန္တလေး) တွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော ချို့တဲ့နွမ်းပါးလူနာများအား လစဉ်ငွေနှင့်စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါ ဆေးရုံကြီး၌ ထိခိုက်ဒဏ်ရာနှင့် အရိုးကုသဆောင်တွင် ကျင်းပခဲ့သည်။

ချို့တဲ့နွမ်းပါးလူနာများအား ထောက်ပံ့လှူဒါန်းပွဲသို့ အရိုးအထူးကုဆေးရုံကြီး(မန္တလေး) ထိခိုက်ဒဏ်ရာနှင့် အရိုးကုသဆောင်မှ တာဝန်ခံဆရာဝန်နှင့် သူနာပြုများ၊ ဆေးလူမှုဆက်ဆံရေးအရာရှိနှင့် အလှူရှင် ဦးအောင်ကျော်ဦးနှင့် မိတ်ဆွေသူငယ်ချင်းများ၊ မန္တလေးတက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားဟောင်းများ တက်ရောက်ကြပြီး ချို့တဲ့လူနာတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် လူနာ ၁၀၅ ဦးအား စုစုပေါင်းငွေကျပ် ၁၀၅ သိန်းနှင့် စားသောက်ဖွယ်ရာများ ကုသိုလ်ပြုလှူဒါန်းခဲ့သည်။

အဆိုပါအလှူရှင်အဖွဲ့သည် ၂၀၂၆ခုနှစ်အတွင်း မန္တလေးဆေးရုံကြီး၊ ကန်တော်နဒီဆေးရုံ၊ ကလေးဆေးရုံများတွင် ချို့တဲ့လူနာ ၈၂၀ ဦးအား လူနာတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၈၂၀ နှင့် စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)



## အငြိမ်းစားဝန်ထမ်းများ နာရေးကူညီမှုအသင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပျော်ဘွယ် အောက်တိုဘာ ၃**

ပျော်ဘွယ်မြို့နယ်တွင် ဌာနဆိုင်ရာအသီးသီးမှ အငြိမ်းစားယူခဲ့သော နိုင်ငံ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းခဲ့သည့် အငြိမ်းစားဝန်ထမ်းများနာရေးကူညီမှုအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး လူထုအခြေပြုဗဟို ဌာနခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးရဲမြင့်က မိမိတို့အသင်းသည် ငွေကြေးနှင့် ဆက်နွှယ်သောလုပ်ငန်းများကို ဆောင်ရွက်နေရခြင်းကြောင့် အထင်အမြင်လွဲမှားမှုမရှိအောင် အထူးသတိထားရမည့်အကြောင်းအရာများ၊ အသင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှုဆောင်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရေး အကြောင်းအရာများ စသည်တို့ကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းကြသည်။



အငြိမ်းစားဝန်ထမ်းများ နာရေးကူညီမှုအသင်းအနေဖြင့် အသင်းဝင်ပေါင်း ၁၀၀၀ ကျော်ရှိပြီး အသင်းဝင်တစ်ဦး နာရေးဖြစ်လျှင် ငါးနှစ်အောက် အသင်းဝင်ဖြစ်ပါက ငွေကျပ် ၁၉၀၀၀၀၊ ငါးနှစ်နှင့် ၁၀ နှစ်ကြားဖြစ်ပါက ငွေကျပ် နှစ်သိန်း၊ ၁၀နှစ်အထက်ဖြစ်ပါက ငွေကျပ် နှစ်သိန်းတစ်သောင်းနှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)

❖ စာမျက်နှာ ၂၄ မှ

တတိယ ကြေးတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

အမျိုးသား လေးယောက်တွဲပြိုင်ပွဲတွင် ဂျပန်အသင်းက ပထမ၊ အင်ဒိုနီးရှားအသင်းက ဒုတိယ၊ မြန်မာအသင်းက တတိယနှင့် အိန္ဒိယအသင်းက ပူးတွဲတတိယဆုများကို ရရှိခဲ့သည်။

မြန်မာအသင်းအနေဖြင့် ၂၀၁၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အာရှအားကစား ပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားနည်းမှ ကြေးတံဆိပ်တစ်ခု၊ ဝူရှူးအားကစားနည်းမှ ကြေးတံဆိပ်တစ်ခုနှင့် ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ လှေလှော်အားကစားနည်းမှ ကြေးတံဆိပ်နှစ်ခုတို့ကိုသာ ဆွတ်ခူးရရှိခဲ့ပြီး ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ဂျပန်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၄၃ နည်း ထည့်သွင်းကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ တက်ဂ်ဘော၊ Esports၊ ပိုက်ကျော်ခြင်း၊ ကျွမ်းဘားနှင့် ဘောလုံး(အမျိုးသမီး)စသည့် အားကစားနည်း ငါးနည်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တက်ဂ်ဘောအားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု၊ Esports အားကစားနည်းမှ ရွှေတံဆိပ်တစ်ခုနှင့် ပိုက်ကျော်ခြင်း အားကစားနည်းမှ ကြေးတံဆိပ်တစ်ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်းက အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် တတိယ ကြေးတံဆိပ်ဆုတစ်ခုကို ထိုက်ထိုက်တန်တန် ထပ်မံဆွတ်ခူး ရယူပေးနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ယနေ့အထိ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခု စုစုပေါင်း ဆုတံဆိပ်ငါးခု ရရှိထားပြီး ပြိုင်ပွဲဝင်နိုင်ငံ ၄၅ နိုင်ငံအနက် နိုင်ငံအလိုက် အဆင့်(၂၃)တွင် ရပ်တည်နိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ပါကြောင်းနှင့် မြန်မာအသင်းသည် ယခင်အာရှအားကစားပြိုင်ပွဲများတွင် ရရှိခဲ့သည့် ဆုတံဆိပ်များထက် သာလွန်၍ အောင်မြင်မှုများ ပိုမိုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေထုတ်ချေး

**မိတ္ထီလာ အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် တောမကျေးရွာအုပ်စု၊ ရေချိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဦးဇော်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ၎င်းနောက် ဦးစီးအရာရှိက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ရေချိုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရေချိုကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး၊ စုစုပေါင်း အသင်းသားအသင်းသူ ၉၇ ဦးကို ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၆၉)

## အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲကျင်းပ

**ပခုက္ကူ အောက်တိုဘာ ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပခုက္ကူမြို့၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးမြင့်က သင်တန်းဖွင့်လှစ်သင်ကြားပေးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းထူးချွန်ဆုနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ဦးက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြပြီး သင်တန်းသူများကိုယ်တိုင် ဒီဇိုင်းရေးဆွဲချုပ်လုပ်ထားသော အဝတ်အထည်ဒီဇိုင်းများနှင့် လူသုံးကုန်ပစ္စည်းများအား ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးကြသည်။



အဆိုပါသင်တန်းတွင် သင်တန်းသူ ၃၀ ဦး တက်ရောက်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ မေ ၄ ရက်မှ အောက်တိုဘာ ၂ ရက်အထိ သင်တန်းကာလ ခြောက်လကြာ စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၃၄၀)

## ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ ကျင်းပ

**စစ်ကိုင်း အောက်တိုဘာ ၃**

စစ်ကိုင်းမြို့နယ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်ရှိ မြို့မအားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းမြို့နယ်ပညာရေးမှူး ဒေါ်မြို့မြို့ခိုင်က ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ကျင်းပခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းဇေယျာမြင့်နှင့် တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ မြို့နယ်ပညာရေးမှူးတို့က ပြိုင်ပွဲများအလိုက် ဆုရရှိကြသည့် အသင်းများနှင့် အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုဖလားများ၊ တံခွန်စိုက်ဆုများအား ပေးအပ်ခဲ့သည်။

စစ်ကိုင်းမြို့နယ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ပြီး ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ပြေးခုန်ပစ်၊ ကာယအတွဲ (၁၊ ၂၊ ၃၊ ၄ )၊ အေရိုးဗစ်စသည့် အားကစားနည်း ရှစ်မျိုး ယှဉ်ပြိုင်ခဲ့ကာ အားကစားသမားစုစုပေါင်း ၁၅၂၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

နေလင်းအောင်(ပြန်/ဆက်)

## သဲကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုးညှင်း အောက်တိုဘာ ၃**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မိုးညှင်းမြို့ ဟဲလုံခေတ်မီစံပြကျေးရွာတွင်း လမ်း ကွန်ကရစ်ပေါင်ဖြင့် သဲကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြသိန်းဝင်း ဦးဆောင်မှုဖြင့် မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်တို့က အဆိုပါကျေးရွာအတွင်း၌ အိမ်ထောင်စု ၃၄၅ စု၊ လူဦးရေ ၁၅၀၃ ဦးရှိပြီး ကျေးလက်နေပြည်သူများ ရာသီမရွေး သွားလာရေး အဆင်ပြေလွယ်ကူစေရန်အတွက် ကျေးရွာတွင်းလမ်းအား အရှည်ပေ ၂၀၀၀ ၊ အကျယ် ၁၂ ပေနှင့် အမြင့် ၆ လက်မရှိ Box Culvert တစ်စင်းနှင့် ရေပြွန် နှစ်စင်း အပါအဝင် ကွန်ကရစ်ပေါင်ဖြင့် သဲကျောက်ခင်းခြင်းလုပ်ငန်း တည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ၎င်းလမ်းပြီးဆုံးသွားပါက ရေရှည်တည်တံ့ခိုင်မြဲလာစေရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများမှ ပူးပေါင်းပါဝင်ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း လမ်းညွှန်မှာကြားခဲ့သည်။



အဆိုပါ ဟဲလုံခေတ်မီစံပြကျေးရွာတွင်းလမ်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် ၉၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

(ဝဲပုံ) ရွှေမိုးညှင်း

## လမ်းမကြီးဘေးများတွင် စည်းကမ်းမဲ့ဈေးရောင်းချမှုများမရှိစေရေး အသိပညာပေး

**ပွင့်ဖြူ အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၌ အများပြည်သူ သွားလာသော လမ်းမကြီးဘေးများတွင် စည်းကမ်းမဲ့ ဈေးရောင်းချမှုများမရှိစေရေးအတွက် ယမန်နေ့က မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့် ကော်မတီအဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့်အတူ မြို့တွင်းရှိ သန့်စင်လမ်း၊ ပန်းခြံလမ်းနှင့် မြို့မစည်ပင်သာယာဈေးအနီး အများပြည်သူသွားလာသော လမ်းမကြီးဘေးတွင် ဈေးရောင်းချသူများအား တွေ့ဆုံကာ ဈေးသည်များအနေဖြင့် မြို့ပြသန့်ရှင်းသာယာလှပရေးနှင့် အများပြည်သူ ယာဉ်အန္တရာယ်ကင်းစွာ သွားလာနိုင်စေရန် ယခုကဲ့သို့ လမ်းမကြီးဘေးများတွင် စည်းကမ်းမဲ့ ဈေးရောင်းချခြင်းများကို ရှောင်ကြဉ်ကြရန်နှင့် ဈေးရောင်းချရန် သတ်မှတ်ထားသော နေရာများတွင်သာ စနစ်တကျ ဈေးရောင်းချရန် အသိပညာပေးဆွေးနွေး ပြောကြားသည်။

(အောက်ပုံ)



ပွင့်ဖြူမြို့နယ်တွင် မြို့ပြသန့်ရှင်းသာယာလှပရေး၊ ဈေးရောင်း၊ ဈေးဝယ်များ စနစ်တကျ ဈေးရောင်းချရေးနှင့် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး၊ အများပြည်သူ သွားလာသော လမ်းမကြီးဘေးများတွင် စည်းကမ်းမဲ့ ဈေးရောင်းချခြင်းများ မရှိစေရေးတို့အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြပ်မတ်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၄၅)

**သင့်အသက်အန္တရာယ်ကာကွယ်ရန်အတွက် ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုးသေချာစွာ တပ်ပါ။**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားအသင်းမှ မြန်မာနိုင်ငံအတွက် တတိယကြေးတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့် (၂၃)တွင် ရပ်တည်လျက်ရှိ




နေပြည်တော် အောက်တိုဘာ ၃

ဂျပန်နိုင်ငံ Aichi-Nagoya ၌ ကျင်းပလျက်ရှိသည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်းမှ အုပ်ချုပ်သူနှစ်ဦး၊ နည်းပြနှစ်ဦးနှင့် အမျိုးသားအားကစားသမား ၁၁ ဦး၊ အမျိုးသမီးအားကစားသမား သုံးဦး စုစုပေါင်း ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းမှ အားကစားသမားများဖြစ်ကြသည့် ဇော်မင်းခန့်၊ ရှိန်းဝဏ္ဏဇော်၊ ရဲထက်၊ အောင်မျိုးကျော်၊ သက်ပိုင်စိုးနှင့် ဖင်မင်းဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံအတွက်

စာမျက်နှာ ၁၆ သို့ ❖




## မြန်မာ ယူ-၁၇ အသင်းနှင့် အိန္ဒိယ ယူ-၁၇ အသင်း ပထမခြေစမ်းပွဲ ယနေ့ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃

၂၀၂၇ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းနှင့် အိန္ဒိယ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းတို့သည် ရန်ကုန်မြို့တွင် ခြေစမ်းပွဲနှစ်ပွဲ ကစားမည်ဖြစ်ပြီး ပထမခြေစမ်းပွဲကို အောက်တိုဘာ ၄ ရက် မွန်းလွဲ ၃ နာရီခွဲတွင် သန်လျင်မြို့ Star City ကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းသည် နိုဝင်ဘာလတွင် ကျင်းပမည့် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအတွက် နောက်ဆုံးပြင်ဆင်သည့်အနေဖြင့် အိန္ဒိယအသင်းနှင့်

စာမျက်နှာ ၉ သို့ ○

## တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

နေပြည်တော် အောက်တိုဘာ ၃

၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၆ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော် အားကစားရုံ(A) ၌ ကျင်းပရာ ၂၀၂၆ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်းနှင့်

စာမျက်နှာ ၁၀ သို့ ✪



## ၃-၁၀-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉ ဒသမ ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆ ဒသမ ၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ရွှေတံဆိပ်ဆုကို တောင်ကိုရီးယား ဆွတ်ခူး

**ဆိုးလ် အောက်တိုဘာ ၃**

၂၀၂၆ အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ရွှေတံဆိပ်ဆုကို တောင်ကိုရီးယားအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

၂၀၂၆ အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဂျပန်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၆၁ မိနစ်တွင် အီယွန်ဂျီဆန်က သွင်းယူပေးခဲ့သည်။

ထို့ပြင် တောင်ကိုရီးယားအသင်းသည် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံး ရွှေတံဆိပ်ဆုကို အသင်းသမိုင်းတစ်လျှောက်တွင် ခုနစ်ကြိမ်အထိ ရရှိခဲ့သည်။

အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံး တတိယနေရာလုပွဲတွင် တရုတ်အသင်းနှင့် ဥဇဘက်ကစ္စတန်တို့ နှစ်ဂိုးစီ သရေကျနေခြင်းကြောင့် ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ ပင်နယ်တီတွင် တရုတ်အသင်းက ဥဇဘက်ကစ္စတန်အသင်းကို လေးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(NGB)**



## FIFA ASEAN Challenge Cup ပြိုင်ပွဲတွင် ဟောင်ကောင်အသင်း ဗိုလ်စွဲ

**ရန်ကုန် အောက်တိုဘာ ၃**

2026 FIFA ASEAN Challenge Cup ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက အိမ်ရှင် ဟောင်ကောင်အသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဟောင်ကောင်အသင်းက ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။




ဟောင်ကောင်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၄၁ မိနစ်တွင် မတ်အော၊ ပွဲချိန် ၅၈ မိနစ်တွင် ကာမာဂိုတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ထို့ပြင် အိမ်ရှင် ဟောင်ကောင်အသင်းသည် ပထမဆုံးကျင်းပသည့် 2026 FIFA ASEAN Challenge Cup ပြိုင်ပွဲ Division-2 တွင် ချန်ပီယံဆုဆွတ်ခူးရရှိခဲ့ပြီး ပွဲတိုင်းအနိုင်ရသည့်အပြင် ပေးဂိုးမရှိ မှတ်တမ်းကောင်းကိုလည်း ပိုင်ဆိုင်ခဲ့သည်။

ဟောင်ကောင်အသင်းသည် အုပ်စုအဆင့်တွင် လာအိုအသင်းကို လေးဂိုးပြတ်၊ ဘရူနိုင်းအသင်းကို နှစ်ဂိုးပြတ်အနိုင်ရပြီး ဗိုလ်လုပွဲတွင် ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**နိုင်ကမ္ဘာ**